OUKA
The University of Osaka
Institutional Knowledge Archive

| | |
|---|---|
| Title | ビルマ語と英語の語形成の対照研究 |
| Author(s) | Shwe, PyiSoe |
| Citation | 大阪外国語大学論集. 2007, 35, p. 97-127 |
| Version Type | VoR |
| URL | https://hdl.handle.net/11094/80015 |
| rights | |
| Note | |

*The University of Osaka Institutional Knowledge Archive : OUKA*

https://ir.library.osaka-u.ac.jp/

The University of Osaka

大阪外国語大学論集第35号（2006年）

# ビルマ語と英語の語形成の対照研究

シュエ　ピー　ソウ

# Constrastive Study on Word Formation of Myanmar and English

SHWE PYI SOE

本論文は、言語学の一分野である語彙論の視点から、ビルマ語と英語の語形成を語形と意味の両面から対照し考察したものである。ビルマ語と英語において、語形成の基本要素となる形態素のレベルから始まりさまざまな造語法について、主要な２つの部分に分けて述べる。接辞による造語法、複合による造語法は、ビルマ語と英語においても、基本的な方式である。

ビルマ語は膠着語にして単音節言語であり、英語は屈折語にして小辞を用いる言語である。それで、同一品詞内の造語法と品詞転換による造語法において、類似点も相違点も見られる。接辞の使用において、接中辞を用いることが少ないのは両言語とも似ている。接頭辞と接尾辞の使用において、ビルマ語はより造語力をもつ。

ビルマ語は接頭辞と接中辞を同時に用いる方式をとり、英語は接頭辞と接尾辞を同時に用いる方式を最大限とることを、対比し述べる。英語の語においては純粋の形容詞が用いられるけれども、ビルマ語においては純粋の形容詞は存在しない。それで、ビルマ語においては形容詞の替わりに動詞修飾語・名詞修飾語を造語して用いなければならぬことが分かる。派生動詞がないのは両言語に共通している。

ビルマ語の単純名詞・複合名詞・派生名詞・単純動詞・複合動詞と英語の単純名詞・複合名詞・動詞の語形成を対照言語学の視点から考察してある。

本論文は、ビルマ語と英語のみならず、ビルマ語と日本語・漢語・朝鮮語・タイ語などの外国語との対照研究おいて、語形成の視点からの考察のてがかりになることを目指して書かれたものである。（ビルマ語と英語の語形成の類似点・相違点・特異性を基本的にまとめて述べてある。）

Shwe Pyi Soe
Visiting Professor in Myanmar

## အကျဉ်းချုပ်

ဤဆောင်းပါးသည် ဘာသာဗေဒ၏ အမျိုးအစားကွဲတစ်ခုဖြစ်သော ဝေါဟာရပညာ (Lexicology) ရှုထောင့်မှ မြန်မာ နှင့် အင်္ဂလိပ်ဘာသာစကား၏ " ပုံသဏ္ဍာန်အရ စကားလုံးဖွဲ့ပုံ "၊ " အနက်အဓိပ္ပာယ်အရ စကားလုံးဖွဲ့ပုံ " တို့ကို ဆန့်ကျင်နှိုင်းအမြင်ဖြင့် ( Linguistics + Semantics ) နယ်မှ ချဉ်းကပ် လေ့လာထားသော ဘာသာဗေဒသုတေသနဆောင်းပါးအမျိုးအစား ဖြစ်ပါသည်။ ဆောင်းပါးတွင်မြန်မာဘာသာစကားနှင့်အင်္ဂလိပ်ဘာသာစကား၌တွေ့ရသော စကားလုံးဖွဲ့ပုံအတွက် အရင်းခံဖြစ်သည့် Morpheme အဆင့်မှစ၍ စကားလုံးပွားပုံ Derivation အမျိုးမျိုးကို အဓိကကဏ္ဍနှစ်ခုဖြင့် ဖော်ပြပါသည်။ အဆက်ထည့်ခြင်းဖြင့် စကားလုံးပွားမှု၊ ပေါင်းစပ်ခြင်းဖြင့် စကားလုံးပွားမှု သည် မြန်မာ နှင့် အင်္ဂလိပ်ဘာသာစကားအတွက် အခြေခံကျသော စနစ်ပင် ဖြစ်သည်။

မြန်မာစကားသည် ပူးတွဲ နှင့် ကေဝဏ္ဏဘာသာစကား အမျိုးအစားဖြစ်ပြီး၊အင်္ဂလိပ်စကားသည် ရုပ်ပြောင်းဝိဘတ်သွယ် ဘာသာစကားအမျိုးအစား ဖြစ်ပါသည်။ထို့ကြောင့် အချို့ မျိုးတူစကားလုံးပွားခြင်း နှင့် မျိုးပြောင်းစကားလုံးပွားခြင်း တို့တွင် တူညီမှု ရှိသလို ခြားနားမှုတို့ကိုလည်း တွေ့နိုင်ပါသည်။ အဆက်ပစ္စည်းအသုံးပြုရာတွင် ကြားဆက်ထည့်မှု နည်းသည်မှာ တူသည်။ရှေ့ဆက်ပစ္စည်းနှင့် နောက်ဆက်ပစ္စည်းထည့်ရာ၌ မြန်မာဘာသာစကားက ပိုပြီး စကားလုံးပွားယူနိုင်ပေသည်။

မြန်မာဘာသာစကားက ရှေ့ဆက်နှင့် ကြားဆက်ကိုတစ်ပြိုင်နက်ထည့်စနစ်အား အသုံးပြုထားသလိုအင်္ဂလိပ်ဘာသာစကားက ရှေ့ဆက် နှင့် နောက်ဆက် တစ်ပြိုင်နက်ထည့်စနစ်ကို (အများဆုံး) သုံးတတ်ကြောင်း နှိုင်းယှဉ်ဖော်ပြထားပါသည်။အင်္ဂလိပ်စကားလုံးများတွင် နာမဝိသေသနစစ်စစ်ကို သုံးနိုင်သော်လည်း မြန်မာစကား တွင် နာမဝိသေသနစကားလုံးစစ်စစ် မရှိပါ။ ထို့ကြောင့် မြန်မာဘာသာစကားတွင် နာမဝိသေသန အစား ကြိယာအထူးပြု ၊ နာမ်အထူးပြုကို ဖန်တီး၍ အသုံးပြုရကြောင်း တွေ့နိုင်ပါသည်။ ကြိယာရောစကားလုံးမရှိသည်မှာမူဘာသာစကားနှစ်ခုလုံး တူညီပါသည်။

ဤဆောင်းပါးတွင် မြန်မာနာမ်ရိုး ၊ နာမ်ပေါင်း ၊ နာမ်ရော စကားလုံးများ၊ ကြိယာရိုး ၊ကြိယာပေါင်းစကားလုံးများဖွဲ့ပုံ နှင့်အင်္ဂလိပ်နာမ်ရိုး ၊ နာမ်ပေါင်း ၊ ကြိယာစကားလုံးဖွဲ့ပုံ တို့ကို ဆန့်ကျင်နှိုင်းဘာသာဗေဒအမြင်မှ သုတေသနပြုထားပါသည်။

ဤဘာသာဗေဒ ဆောင်းပါးသည် မြန်မာဘာသာစကား နှင့် အင်္ဂလိပ်ဘာသာစကား သာမကဘဲ မြန်မာဘာသာစကား နှင့် " ဂျပန်ဘာသာစကား ၊ တရုတ်ဘာသာစကား ၊ ကိုးရီးယားဘာသာစကား၊ ထိုင်းဘာသာစကား "စသော နိုင်ငံခြားဘာသာစကားများကို ဆန့်ကျင်နှိုင်းစနစ်ဖြင့်လေ့လာရာတွင် စကားလုံးဖွဲ့ပုံရှုထောင့် ( Morphology ) အတွက် လမ်းစတစ်ခု ပေါ်ပေါက်စေရန် ရေးသားဖော်ပြအပ်ပါသည်။( ဆောင်းပါးတွင် မြန်မာစကားလုံးဖွဲ့ပုံ နှင့် အင်္ဂလိပ်စကားလုံးဖွဲ့ပုံ၏ " တူညီချက် ၊ ခြားနားချက် ၊ ထူးခြားချက် " တို့ကို အခြေခံကျကျ အကျဉ်းမျှ ဖော်ပြ ရေးသားထားပါသည်။ )

大阪外国語大学論集第35号（2006年）

# မြန်မာနှင့်အင်္ဂလိပ်ဘာသာစကား၏ စကားလုံးတည်ဆောက်ပုံစနစ် ဆန့်ကျင်နှိုင်းလေ့လာချက်
# Constrastive Study on Word Formation of Myanmar and English

**Dr.Shwe Pyi Soe**
**Visiting Professor in Myanmar**
**Osaka University of Foreign Studies**

ဤဆောင်းပါးသည် မြန်မာဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားရှိ စကားလုံးဖွဲ့ပုံတို့ကို ဝေါဟာရပညာရှုထောင့်မှသုတေသနပြု ရေးသားထားသော ဆန့်ကျင်နှိုင်းဆောင်းပါးအမျိုးအစား ဖြစ်ပါသည်။ စကားလုံးတည်ဆောက်ပုံသည် ဘာသာဗေဒမျိုးကွဲဖြစ်သော "ဝေါဟာရပညာနယ်" ၌ ပါဝင်သည်။ ၎င်းကို ဘာသာဗေဒက "ဘာသာစကားတစ်ခုအတွင်း စကားလုံးတို့၏ အတွင်းတည်ဆောက်မှုစနစ်နှင့် အနက်အဓိပ္ပာယ်ကို ဆက်စပ် လေ့လာသောပညာရပ် " ဟုသတ်မှတ်ပါသည်။ ဤဆောင်းပါးက "ဝေါဟာရပညာနယ်" မှ မြန်မာစကားလုံးနှင့် အင်္ဂလိပ်စကားလုံးတို့၏ " <u>အတွင်းဖွဲ့စည်းတည်ဆောက်မှု</u> " အရ တူညီချက် ၊ ခြားနားချက်၊ ထူးခြားချက်တို့ကို အနှစ်ချုပ်ဖော်ပြပေးသွားပါမည်။

## ၁။ အခြေခံရုပ်ရင်း

စကားလုံး သည်ပင် ရုပ်ရင်း ၊ ရုပ်ရင်းသည်ပင်လျှင် စကားလုံးဟု သတ်မှတ်ပြီး ဝေါဟာရ၏ အတွင်းတည်ဆောက်ပုံတို့ကို လေ့လာဖော်ပြသွားမည် ဖြစ်ပါသည်။ တစ်နည်း ရုပ်ရင်းသည် စကားလုံး၏အစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။ ရုပ်ရင်းကို ဘာသာဗေဒက- အသေးဆုံးအစိတ်အပိုင်းအဖြစ်သတ်မှတ်ပြီး မိမိဘာသာသီးခြားရပ်တည်နေနိုင်သော ရုပ်သီးရုပ်ရင်း နှင့် မိမိဘာသာမိမိမရပ်တည်နိုင်သောသဒ္ဒါရုပ်ရင်းဖြစ်သည့် ရုပ်မှီရုပ်ရင်းဟူ၍ နှစ်မျိုးရှိကြောင်းဆိုသည်။ ဝေါဟာရပညာက စကားလုံး၏အတွင်းတည်ဆောက်မှုစနစ်အရလည်း စကားလုံးကိုသဒ္ဒါ၏အသေးဆုံးအဆင့် ရင်းမြစ်ရုပ်ရင်းတစ်ခုအဖြစ် သတ်မှတ်ထားပြီး အခြေခံစကားလုံးဟု ခေါ်ကြောင်းတွေ့ရှိရပါသည်။

အခြေခံစကားလုံးသည် အဓိပ္ပာယ်ယူနစ်တစ်ခုအပေါ်၌ အခြေခံပြီး ၎င်းသည်အနက်အဓိပ္ပာယ်အရလည်း ထပ်မံ၍ ခွဲခြမ်းစိတ်ဖြာမရနိုင်တော့သော အဘိဓာန်ရုပ်ရင်း /သဒ္ဒါရုပ်ရင်း အမျိုးအစားတစ်ခုသာဖြစ်ပေသည်။ ဖွဲ့စည်းတည်ဆောက်မှုအရ အခြေခံနာမ်ရိုး ၊ အခြေခံနာမ်ရော ၊ အခြေခံနာမ်ပေါင်း နှင့် အခြေခံကြိယာရိုး ၊ အခြေခံကြိယာပေါင်း တို့ကိုတွေ့ရပါမည်။(မြန်မာစကားလုံးဖွဲ့ပုံ၏ ထူးခြားချက်တစ်ခုမှာ <u>ကြိယာရော</u> သည် ကြိယာအဆင့် မဟုတ်တော့ဘဲ နာမ်အသွင် ပြောင်းလဲသွားရခြင်းပင် ဖြစ်သည်။)

## ၂။ အရင်းခံ သီးခြားစကားလုံးအမျိုးအစား

အရင်းခံ "သီးခြားစကားလုံး" ဆိုသည်မှာ အခြေခံစကားရိုးပင် ဖြစ်သည်။ ၎င်းစကားရိုးတို့သည် ရုပ်သီးများဖြစ်ကြသဖြင့် မိမိဘာသာသီးခြားရပ်တည်နိုင်ပြီး အခြားမည်သည့် သဒ္ဒါနည်းစနစ်ကိုမျှ မှီခိုမှုမပြုဘဲ သီးခြားအနက်အဓိပ္ပာယ်ကို သီးခြားဖော်ဆောင်နိုင်သော အခြေခံစကားလုံးဖြစ်သည့် သီးခြားနာမ်ရိုး နှင့် ကြိယာရိုးများကိုခေါ်သည်။ ကမ္ဘာပေါ်ရှိမည်သည့်ဘာသာစကား၌မဆို ဝေါဟာရတစ်ခုဖြစ်အောင် မ ,တည်ပေးရသော အခြေပြုစကားလုံးများသည် စကားလုံးဖွဲ့ပုံ၏ အရင်းအမြစ်ပင်ဖြစ်သည်။

## အင်္ဂလိပ်နာမ်ရိုး

အင်္ဂလိပ်ဘာသာစကားတွင်လည်း ရင်းမြစ် / အခြေခံစကားလုံးများစွာရှိပါသည်။ "Penicillin" ဆိုသော စကားလုံးသည် အင်္ဂလိပ်ရင်းမြစ်ရုပ်သီး ဖြစ်သဖြင့် ၎င်းထက် ပို၍သေးငယ်သွားအောင် ထပ်မံစိတ်ဖြာ၍ မရနိုင်တော့ပေ။

Peni - နှင့် - cillin ကို [ Peni ] + [ cillin ] ဟု ထပ်မံခွဲခြားလိုက်လျှင် ၎င်းတို့သည် ရင်းမြစ်စကားလုံးမဟုတ်တော့ပါ။ တစ်နည်း ၎င်းသည် အခြေခံနာမ်ရိုးတစ်ခုသာ ဖြစ်သည်။

Sky
Mountain
Dog
Chair
Man
Table
Paper
School
Boy
Girl

စသည်တို့သည် အင်္ဂလိပ်ဝေါဟာရ -အခြေခံနာမ်ရိုး ( သို့မဟုတ် ) ရင်းမြစ်နာမ်ရိုး /ရုပ်သီးရုပ်ရင်းများပင်ဖြစ်ပါသည်။ မိမိဘာသာသီးခြားရပ်တည်ပြီး သီးခြားအနက်အဓိပ္ပာယ်ကို မိမိဘာသာဖော်ဆောင်နိုင်သောစကားလုံးများ ဖြစ်ကြသည်။

အင်္ဂလိပ် နာမ်ရိုးများဖြစ်သော sky , mountain , dog - စသည်တို့သည် ကေဝဏ္ဏနာမ်ရိုးပုံစံများဖြစ်ပြီး Chair person - ဆိုလျှင် ၎င်းနာမ်ရိုးကို ခွဲထုတ်လိုက်ပါက [ CHAIR ] သည် သီးခြားရည်ညွှန်းအနက် ၊ [ PERSON ] သည်လည်း သီးခြားရည်ညွှန်းအနက် တစ်ခုစီရှိသဖြင့်ဝေါဟာရပညာအဆင့်၌ ၎င်းစကားလုံးသည် အခြေခံစကားလုံးပင် ဖြစ်သည်။ အင်္ဂလိပ်စကားလုံး " lady finger , butter fly , sweet potato" စသည်တို့သည်လည်း အနက်အဓိပ္ပာယ်အရ သီးခြား ခွဲမထုတ်နိုင်သော အခြေခံစကားလုံးများပင်ဖြစ်သည်။ ၎င်းတို့ကို အင်္ဂလိပ် ဗဟုဝဏ္ဏနာမ်ရိုး စကားလုံးများအဖြစ် တွေ့ရပါသည်။

## အင်္ဂလိပ်ကြိယာ ရိုး

eat , take , talk , say , sit , sleep , go , love , come , see , drink , teach , sell , buy , live
စသည်တို့သည် အင်္ဂလိပ်သဒ္ဒါ၌ အခြေခံအဖြစ်အသုံးပြုနေသော ကြိယာရုပ်ရင်းများ ဖြစ်ကြသည်။ထပ်မံ၍ စိတ်ဖြာရန် မဖြစ်နိုင်တော့ပေ။

## မြန်မာ နာမ်ရိုး

မြန်မာဘာသာစကား၌လည်း အင်္ဂလိပ်ဘာသာစကားနည်းတူ ရင်းမြစ်ရုပ်ရင်း-နာမ်ရိုးများသည် စကားလုံးဖွဲ့ပုံ၌ အခြေခံကျပေသည်။ ယင်းနာမ်ရိုးပုံစံတို့သည် စကားလုံးဖွဲ့ပုံအဆင့်၌ အတွင်းတည်ဆောက်မှု အရ စူးစမ်းလေ့လာစရာ မရှိပေ။ မြန်မာစကားလုံး "ခွေး ၊ ကြောင် ၊ လူ ၊ အိမ် ၊ ကျောင်း ၊ စိတ် " စသည့် အခြေခံနာမ်ရိုးများသည် ရုပ်ရင်းများနှင့် တစ်ထပ်တည်းကျသည်။ ၎င်းတို့ကို ကေဝဏ္ဏနာမ်ရိုး ဟုလည်း သတ်မှတ်ပါသည်။

## မြန်မာ ဗဟုဝဏ္ဏနာမ်ရိုး

မြန်မာစကားလုံးများတွင် ဝဏ္ဏနှစ်ခု ( သို့မဟုတ် ) နှစ်ခုထက်ပိုသော ဝဏ္ဏများဖြင့် ပေါင်းစပ် ဖွဲ့စည်းထားသော်လည်း ၎င်းစကားလုံးသည် အနက်အဓိပ္ပာယ်အရ အသေးဆုံးဖြစ်ပြီး ၎င်း၌ ပါဝင်သော အစိတ်အပိုင်းများကို ထပ်မံခွဲခြမ်းစိတ်ဖြာ၍ မရတော့လျှင် ယင်းစကားလုံးသည် အခြေခံရုပ်ရင်းတစ်ခုပင်ဖြစ်ပါသည်။ ထိုစကားလုံးကို ဝေါဟာရပညာ၌ ဗဟုဝဏ္ဏနာမ်ရိုး ၊တစ်နည်း အခြေခံကျသော ရင်းမြစ်စကားလုံးဟုလည်းကောင်း၊ သီးခြားရပ်တည်ပြီး သီးခြားအနက်အဓိပ္ပာယ်ယူနစ်တစ်ခုကို မိမိဘာသာဖော်ဆောင်နိုင်သော အရင်းခံရုပ်ရင်းတစ်ခု ဟုလည်းကောင်း သတ်မှတ်ရပါသည်။

မြန်မာ ဗဟုဝဏ္ဏနာမ်ရိုးများကို အောက်ပါ စကားလုံးတည်ဆောက်မှုပုံစံများအတိုင်း တွေ့ရပါမည်။

ကောင်းကင်
ပုဆိုး
ကုလားထိုင်
ဘီရို
ကြောင်အိမ်
မျက်မှန်
စားပွဲ
စာအုပ်
စာရွက်
မျက်နှာ

စသည်တို့တွင် / ကောင်း /+/ ကင် /

/ ပု /+/ ဆိုး /

/ ကု /+/ လား /+/ ထိုင် /

/ ဘီ /+/ ရို /

/ ကြောင် /+/ အိမ် /

/ မျက် /+/ မှန် /

/ စား /+/ ပွဲ /

/ စာ /+/ အုပ် /

/ စာ /+/ ရွက် /

/ မျက် /+/ နှာ /

ဟု နှစ်ခု ( သို့မဟုတ် ) နှစ်ခုထက်ပိုသော ဝဏ္ဏများဖြင့် ဖွဲ့ထားသော်လည်း ၎င်း ဝဏ္ဏအစိတ်အပိုင်းများကို တစ်ခုစီ သီးခြား ခွဲထုတ်လိုက်လျှင် မူလကဆိုလိုသော အဘိဓာန်ရည်ညွှန်းအနက် တစ်ခု မဟုတ်တော့သဖြင့် ၎င်းနာမ်စကားလုံးတို့သည် နာမ်ရိုး ဖြစ်သည်။ ဝဏ္ဏတစ်ခုတည်းဖြင့် တည်ဆောက်ထားခြင်းမဟုတ်၍ ဗဟုဝဏ္ဏနာမ်ရိုး ဟု ခေါ်ပါသည်။

## မြန်မာ ကြိယာ ရိုး

မိမိဘာသာမိမိသီးခြားရပ်တည်ပြီး သီးခြားအနက်အဓိပ္ပာယ်ယူနစ်ကိုလည်းမိမိဘာသာဖော်ဆောင်နိုင်သော ကြိယာရုပ်ရင်း သည် ကေဝဏ္ဏကြိယာရိုး ဖြစ်ပါသည်။ မြန်မာဘာသာစကားရှိ ကေဝဏ္ဏကြိယာရိုး များမှာ-စား (သည်)

သွား (သည်)

နေ (သည်)

သောက် (သည်)

ဝင် (သည်)

ပေး (သည်)

ယူ (သည်)

မြ (သည်)

လာ (သည်)

ချစ် (သည်) စသည့်ကြိယာများသည် စကားသံအားဖြင့်လည်းကောင်း၊ စာလုံးပေါင်းအားဖြင့်လည်းကောင်း တစ်မျိုးတည်းသာ သရုပ်ဖော်ပြီး ရည်ညွှန်းအနက်အဓိပ္ပာယ်အားဖြင့်လည်း သီးခြားရပ်တည်နေသဖြင့် ၎င်းတို့သည် မိမိဘာသာသီးခြားရပ်တည်နေသော အခြေခံကြိယာရုပ်ရင်း ( သို့မဟုတ် ) ကြိယာရိုး ဖြစ်သည်။

## မြန်မာ ဗဟုဝဏ္ဏကြိယာ ရိုး

မြန်မာဘာသာစကားတွင် ကြိယာစကားလုံးဖွဲ့ပုံ၌ ဝဏ္ဏနှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုသော ဝဏ္ဏများဖြင့် ပေါင်းစပ်၍ တည်ဆောက်ထားသော်လည်း ၎င်းကြိယာစကားလုံးသည် မူလအနက်အဓိပ္ပာယ်များ အတိုင်း မဟုတ်ဘဲ သီးခြားအဓိပ္ပာယ်တစ်ခုဖြင့်ရည်ညွှန်းအနက်ပြောင်းသွားပြီး၊ ယင်းကြိယာစကားလုံး၌ပါဝင်သော ဝဏ္ဏအစိတ်အပိုင်းများကို ပို၍သေးငယ်သွားအောင် ခွဲခြမ်းစိတ်ဖြာမှုမပြုနိုင်လျှင် အဆိုပါစကားလုံးသည် ဗဟုဝဏ္ဏကြိယာရိုးဖြစ်သည်။

လှုပ်ရှား
( လှုပ် + ရှား )

ပျင်းရိ
( ပျင်း + ရိ )

ဝမ်းသာ
( ဝမ်း + သာ )

ပင်ပန်း
( ပင် +ပန်း )

ပျော်ပါး
( ပျော် +ပါး )

ကြည်နူး
( ကြည် + နူး )

စွန့်စား
( စွန့် + စား )
စသည့် ကြိယာများသည် အဘိဓာန်ရည်ညွှန်းအနက်တစ်ခု ဖော်ဆောင်ရန်အတွက် ခွဲခြမ်းစိတ်ဖြာ၍မရနိုင်တော့ပေ။

## မြန်မာ နှင့် အင်္ဂလိပ် အရင်းခံစကားပေါင်းများ

အရင်းခံစကားပေါင်းဆိုသည်မှာသဒ္ဒါတွင်-အနက်အဓိပ္ပာယ်အရ အသေးဆုံးယူနစ်တစ်ခုဖြစ်သော အခြေခံစကားလုံး ကို ခေါ်သည်။ ၎င်းတို့သည် ဖွဲ့စည်းပုံအရဖြစ်စေ ၊ သဒ္ဒါစနစ်အရဖြစ်စေ သီးခြားစကားလုံးနှစ်ခု ( သို့မဟုတ် ) နှစ်ခုထက် ပိုသော စကားလုံးများကို အနက်အဓိပ္ပာယ်အရ ပေါင်းစပ်ပြီး၊ ၎င်းတို့သည် အခြား ရည်ညွှန်းအနက်တစ်ခုခုသို့ သက်ရောက်လျှင် အဆိုပါ စကားလုံးသည် အရင်းခံဖြစ်သော စကားပေါင်းများပင် ဖြစ်သည်။

အင်္ဂလိပ်ဘာသာစကားတွင်လည်း အရင်းခံစကားပေါင်း များစွာတွေ့ရပါသည်။ မြန်မာဘာသာစကား၌လည်း အရင်းခံစကားပေါင်းများကို တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိသည်။ အင်္ဂလိပ်စကားပေါင်းများကို အောက်ပါပုံစံများ၌ တွေ့ရပါသည်။
Night club
Book shop
Table salt
Goal Keeper
Bullet train
Black market
White house
Gate way
Washing machine
Office room
Air port
Machine gun စသည်ဖြင့် ပေါင်းစပ်၍ မူလထက်ပိုသော အနက်အဓိပ္ပာယ်ဖြင့် စကားလုံးပွားပါသည်။ ၎င်းတို့ကို Book နှင့် Shop ၊ Table နှင့် Salt ၊ Goal နှင့် Keeper စသည်ဖြင့် ဖွဲ့စည်းပုံအရခွဲထုတ်လိုက်ပါက အနက်အဓိပ္ပာယ်အရ ''စာအုပ်ဆိုင် ၊ စားပွဲတင်ဆား ၊ ဂိုးဖမ်းသမား ၊ မှောင်ခိုဈေး ''စသည့် ရည်ညွှန်းသီးခြားအနက်တစ်ခု တည်ဆောက်၍မရတော့ပေ။ ထို့ကြောင့် ၎င်းကဲ့သို့သောစကားလုံးများသည် ဝေါဟာရပညာတွင် အနက်အဓိပ္ပာယ်အရ သီးခြားအနက်ယူနစ်ရှိသည့် စကားလုံးနှစ်ခု ပေါင်းစပ်ဖွဲ့စည်းတည်ဆောက်ထားသော အရင်းခံစကားပေါင်း ဖြစ်သည်။

မြန်မာ အရင်းခံစကားပေါင်းပုံစံများကိုလည်း အောက်ပါအတိုင်း တွေ့ရှိရပေမည်။
<u>နာမ်ပေါင်း</u> - [စားပွဲ + ခုံ]၊ [သစ်သား + စားပွဲ]၊ [ မြန်မာ + ပြည် + မြေပုံ ]၊ [ဂျပန် + ဘာသာ + စကား]၊ [ရေ + ပုလင်း]၊ [ ပုလဲ + ပုတီး]၊ [စစ် + သင်္ဘော]၊ [ကတ္တီပါ + ဖိနပ်]၊ [ရေ + အိုး + စင်]၊ [ပိုက်ဆံ + အိတ် ] စသည်ဖြင့် လည်းကောင်း ၊
<u>ကြိယာပေါင်း</u> - [ ဝင် + ထွက် ]၊ [ တက် + ဆင်း ]- ကဲ့သို့ ဆန့်ကျင်ပေါင်း၊ [ ပြော + ဆို ]၊ [ ပူ +

အိုက် ] [ ခြောက် + သွေ ] - ကဲ့သို့ ဆင်တူပေါင်း ပုံစံများကို တွေ့ရပါမည်။

## ၃။ စကားလုံး နှင့် ရည်ညွှန်းအနက်သဘော

ဝေါဟာရပညာသည် ဘာသာဗေဒ နှင့် အတ္တဗေဒ ကို ပေါင်းကူးဆက်စပ်ပေးသော ဘာသာဗေဒမျိုးကွဲ ဖြစ်သည့်အလျောက် ဘာသာစကားတစ်ခု၏စကားလုံးအဆင့်ကို သရုပ်ဖော်သည့်အခါ စကားလုံးတို့၏ အတွင်းတည်ဆောက်မှုနှင့်အတူ ရည်ညွှန်းအနက်အဓိပ္ပာယ် ကိုပါ တွဲဖက်လေ့လာမှသာ ပြည့်စုံသည့်ဝေါဟာရတစ်ခုကို လေ့လာရာရောက်ပေသည်။

အင်္ဂလိပ်ဝေါဟာရ crane နှင့် bank ကိုသာဓကအဖြစ် ဖော်ပြပါမည်။ ၄င်းစကားလုံးတို့သည် နာမ်ဖြစ်သည်။ အရင်းခံနာမ်စကားရှိုးဟုလည်းခေါ်သည်။ ယင်းနာမ်ရှိုးများကို အဘိဓာန်က crane1 ,crane2 ဟုလည်းကောင်း၊ bank1 ,bank2 ဟုလည်းကောင်း တည်ပုဒ်ပြုသည်။

crane 1 သည်( သီးခြားအဓိပ္ပာယ်ဆောင်သော ) -ကြိုးကြာငှက်အမည် ၊ crane 2 သည်( သီးခြားအဓိပ္ပာယ်ဆောင်သော ) -ဝန်ချီစက်တစ်မျိုး ဖြစ်သည်။ bank 1 သည် ( သီးခြားအဓိပ္ပာယ်ဆောင်သော ) ဘဏ် (သို့မဟုတ်)ရှေးသုံး- ငွေတိုက် ဖြစ်ပြီး bank 2 သည်လည်း( သီးခြားအဓိပ္ပာယ်ဆောင်သော ) မြစ်ချောင်းကမ်းဘေး စသည်ဖြင့် မတူသောရည်ညွှန်းအနက်များကို ဖော်ပြပါသည်။ ၄င်းတို့ကို စကားလုံးဖွဲ့ပုံအရ [ cr ] နှင့် [ ane ] ၊ [ ba ] နှင့် [ nk ] ဟူ၍ သီးခြားစီခွဲမထုတ်နိုင်ပါ။

မြန်မာဘာသာစကား၌လည်း ရင်းမြစ်တည်ပုဒ် တူသော်လည်း ရည်ညွှန်းအနက်မတူသော အဘိဓာန်စကားလုံးများစွာကို တွေ့ရပါသည်။

သာဓကအားဖြင့် - မြန်မာအဘိဓာန်ပါ ခရာ ဆိုသည့် စကားလုံးသည် တည်ပုဒ်ဝေါဟာရချင်းတူသော်လည်း သက်ရောက်စေသည့် ရည်ညွှန်းအနက်မှာမူ ခြားနားပါသည်။ အရင်းခံ ခရာ ၁- သည် အချက်ပေးရာတွင်အသုံးပြုရသော လေမှုတ်ကိရိယာတစ်မျိုးကို သီးခြားရည်ညွှန်းပြီး၊ ခရာ ၂- သည် မြစ်ချောင်းကမ်းစပ်၌ပေါက်လေ့ရှိသော ဆူးခြုံပင်ငယ်တစ်မျိုးကို သီးခြားရည်ညွှန်းပါသည်။

## ၄။ အနက်အဓိပ္ပာယ်အသွင်ကွဲရခြင်း

အင်္ဂလိပ်ဘာသာစကားကို လေ့လာပါက crane1,crane2,bank1,bank2 ကဲ့သို့ sole1 နှင့် sole2 သည် အခြေခံတည်ပုဒ်ချင်းတူပြီး ဝေါဟာရအဆင့်မှာ အနက်အဓိပ္ပာယ်အသွင်ကွဲစကားလုံးများ ဖြစ်ပါသည်။

အင်္ဂလိပ်အဘိဓာန်အရ bat ဆိုသည့်စကားလုံး၏ ရည်ညွှန်းအနက်ကွဲတို့ကို အောက်ပါအတိုင်းတွေ့ရပါမည်။

bat 1. furry mammal with memberanous wings.

bat 2. implement for striking a ball in certain games. စသည်ဖြင့် ကွဲပြားနေရခြင်းမှာ မူလ ဆင်းသက်လာသော စကားလုံးရင်းမြစ်အရ bat 1 သည် ခေတ်လယ် အင်္ဂလိပ်စကားလုံးဖြစ်သော ရင်းမြစ် / bakke / မှလာပြီး bat 2 သည် ခေတ်ဟောင်း အင်္ဂလိပ်စကားလုံး / batt /မှ လာသော စကားလုံးဖြစ်သဖြင့် အဘိဓာန်ကဝေါဟာရအနက်ကို ညွှန်းရာတွင် တည်ပုဒ်တူ အဓိပ္ပာယ်အသွင်ကွဲရခြင်းဖြစ်သည်။

မြန်မာဘာသာစကား၌လည်း " ညံ့ " ကြိယာရုပ်ရင်းသည် ကုန်းဘောင်ခေတ်က"တောကြီးဆိတ်ညံ့" ဟု ဆိုရာတွင် ၄င်း ညံ့ - စကားလုံးသည် တိတ်ဆိတ်မှုသဘောကို ရည်ညွှန်းပြီး ယနေ့ခေတ် အဓိပ္ပာယ်မှာ တိတ်ဆိတ်ခြင်းမှ ဆူညံ့ သည့်အနက်သို့ ပြောင်းလဲ ရည်ညွှန်းကြောင်း တွေ့ရပါသည်။ ၄င်း အချက်သည် စကားလုံးရင်းမြစ် ကြောင့် အနက်အဓိပ္ပာယ် အသွင်ကွဲခြင်းဖြစ်သည်။

ထို့ပြင် ရည်ညွှန်းဝတ္ထု အပေါ် တင်စားခြင်းဖြင့်လည်း အဓိပ္ပာယ်ခြားနားမှုတို့ကို ဖြစ်စေပါသည်။

Leg သည် ခြေထောက် ကို ညွှန်းဆိုပါသည်။ ခြေထောက်သည် သက်ရှိ/သက်မဲ့တို့၏ အောက်ဖက်ပိုင်းရှိ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခု၏ အမည်ကို ရည်ညွှန်းသည်။
- လူခြေထောက်
- ငှက်ခြေထောက်
- နွားခြေထောက်
- စားပွဲခြေထောက်
- ကုလားထိုင်ခြေထောက် စသည်ဖြင့်တွေ့ရမည်။

အင်္ဂလိပ်အဘိဓာန် ရည်ညွှန်းအနက်များအရ Leg ကို

leg 1. foot

leg 2. lowest part of a hill or mountain ဟု တွေ့ရပါသည်။

အနက်အဓိပ္ပာယ်-၂ သည် တောင်၏အောက်အခြေပိုင်းကို ရည်ညွှန်းပါသည်။ မြန်မာဘာသာစကား၌လည်း တောင်ခြေ- ဟုပင်ခေါ်ပါသည်။ ကုလားမခြေထောက်ဟု မြန်မာတို့ကခေါ်ဝေါ်သုံးစွဲရာတွင် အမှန်တကယ် ကုလားမ၏ ခြေထောက်မဟုတ်ဘဲ ခြေတံရှည်အောင် ဝါး (သို့မဟုတ်) သစ်သားကို ခြေထောက်၌ တပ်ဆင် အသုံးပြုရသော အချောင်းအတံတစ်မျိုးသာ ဖြစ်ပေသည်။

မြန်မာစကားလုံးများ ဖြစ်ကြသော- ''ခွေးခြေ ၊ ကျီးခြေ ၊ သပိတ်ခြေ ''စသည်တို့သည် ခြေ-ရင်းမြစ်မှ ဆင့်ပွားလာသော ဝေါဟာရများ ဖြစ်သည်။ ကျီးခြေ - စကားလုံး အနက်ကွဲပုံကိုလည်း -

န– ၁၊ ရိုးတံနီ၍ အရွက်လက်ခြားရှိသော အပင်ငယ်

န– ၂၊ သစ်သားတွင် ရိုက်နှက်ကုပ်တွယ်ရန် ကျီးခြေသဏ္ဌာန်လုပ်ထားသော အဖျားနှစ်ဖက်ချွန်သံချောင်း ဟုတွေ့နိုင်ပါသည်။ ၎င်းတို့သည် ရည်ညွှန်းဝတ္ထုကိုလိုက်၍ အနက်ကွဲခြင်းသဘော ဖြစ်ပါသည်။ " ဆင်ခြေထောက် ၊ ဝက်အူ ၊ ဆိတ်ချို ၊ သရက်ရွက် ၊ ဝေါက်သီး ၊ မျောက်လက် " စသည်တို့သည် တင်စားသည့် သဘောပင်ဖြစ်ပါသည်။ အမှန်တကယ် ခြေထောက် ၊ အူ ၊ ချို (ကျို) ၊ အရွက် ၊ အသီး ၊ လက် မဟုတ်ပေ။

## ၅။ စကားလုံးဖွဲ့ပုံ / ဝေါဟာ ရတည်ဆောက်မှုစနစ်

မြန်မာဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကား၏ နာမ်/ကြိယာ စကားလုံးဖွဲ့ပုံတို့ကို လေ့လာသောအခါ အဓိပ္ပာယ်ပြည့် ဝေါဟာရတစ်ခု တည်ဆောက်ရာ၌ နည်းနှစ်သွယ်ဖြင့် စနစ်တကျ ဖွဲ့စည်းတည်ဆောက်လေ့ရှိပါသည်။

( ၁ ) အဆက်ထည့်တည်ဆောက်မှုစနစ်

( ၂ ) ပေါင်းစပ်တည်ဆောက်မှုစနစ်

ဟု တွေ့ရပါသည်။

အင်္ဂလိပ်နာမ်ရိုး / ကြိယာရိုး ၊ မြန်မာနာမ်ရိုး / ကြိယာရိုး စကားလုံးများဖွဲ့ရာတွင် ''အတွင်းတည်ဆောက်မှု ပုံသဏ္ဌာန် '' မှာ အခြေခံအားဖြင့် ( အများစုမှာ ) အတူတူပင်ဖြစ်သည်။

အင်္ဂလိပ်စကားရိုးများ - '' pen , pencil , box , house , wife , king , / come , go , walk , ride '' စသည်တို့နှင့် မြန်မာစကားရိုးများ-လူ ၊ အိမ် ၊ နွား ၊ ကျောင်း ၊ စိတ် / လာ ၊ သွား ၊ ထိုင် ၊ ရပ် ၊ ပေး စသည့် စကားလုံးများသည် သီးခြားရပ်တည်နေသော နာမ်ရိုး / ကြိယာရိုး များသာဖြစ်ကြပါသည်။

မြန်မာဘာသာစကား၌ ထူးခြားသည်မှာ ကြိယာရောသီးသန့် မရှိခြင်း ၊ ဗဟုဝစ္တနာမ်ရိုး နှင့် နာမ်ပေါင်း ကို ခွဲခြားဖော်ပြနိုင်ခြင်း တို့ဖြစ်သည်။

## ၆။ အဆက်ထည့်ခြင်း

ရှေ့ဆက်၊ကြားဆက်၊ နောက်ဆက် အဆက်ပစ္စည်း တစ်ခုခုကို အသုံးပြု၍ စကားလုံးတည်ဆောက်ခြင်းသည် စကားလုံးပွားခြင်းပင်ဖြစ်ပါသည်။ အဆက်ထည့်စကားလုံးပွားခြင်းကို မြန်မာဘာသာစကားရော အင်္ဂလိပ်ဘာသာစကားကပါ ဆင်တူအသုံးပြုကြသည်။ အဆက်ထည့်ရာတွင် အောက်ပါအတိုင်း ( ၂ ) မျိုးတွေ့ရပါ

သည်။
၁။ မျိုးတူအဆက်ထည့်ခြင်း
၂။ မျိုးပြောင်းအဆက်ထည့်ခြင်း ဟူ၍ ဖြစ်ပါသည်။

## မျိုးတူအဆက်ထည့်ခြင်း

မြန်မာစကားတွင် မျိုးတူအဆက်ထည့်ခြင်း ဆိုသည်မှာ ရင်းမြစ်ရုပ်ရင်း နာမ် ( သို့မဟုတ် ) ကြိယာ တစ်ခုခု၏ရှေ့ကသော်လည်းကောင်း၊ ကြားကသော်လည်းကောင်း၊ နောက်ကသော်လည်းကောင်း အဆက်ရုပ်ရင်း တစ်ခုခုကိုထည့်လိုက်သော်လည်း အဆိုပါရင်းမြစ်စကားလုံးတစ်ခုခု၏သဒ္ဒါ နှင့်အဓိပ္ပာယ်သည် ပြောင်းလဲမသွားဘဲ မူလအတိုင်းတည်ရှိနေလျှင် ၎င်းကို မျိုးတူအဆက်ထည့် စကားလုံးပွားသည်ဟု ခေါ်ပါသည်။ အင်္ဂလိပ်ဘာသာစကားသည် ရုပ်ပြောင်းဝိဘတ်သွယ်ဘာသာစကား ဖြစ်ပါသည်။ ဝိဘတ်သွယ်ခြင်းမှာလည်း စကားလုံးပွားရန်အတွက်သွယ်ခြင်းမဟုတ်ပါ။နာမ်- ကြိယာ ကိုက်ညီမှုအတွက် ဝိဘတ်သွယ်ခြင်းဖြစ်သည်။

go goes ( -es )

come coming ( - ing )

love loved ( -ed )

take taken ( - en )

friend friends ( -s )

friends friends's ( s's )

girl girl's ( - 's ) စသည့် " s , es , ing , ed , en , 's "တို့သည် အင်္ဂလိပ်သဒ္ဒါတွင် အဆက်ပစ္စည်းမဟုတ်ဘဲ ဝိဘတ်များပင်ဖြစ်ပါသည်။ ၎င်းတို့သည် go မှ goes ၊ come မှ coming ၊ love မှ loved ၊ take မှ taken ၊ girl မှ girl's ၊ friend မှ friends's သို့ပြောင်းသော်လည်း ကြိယာ သည် ကြိယာအတိုင်း ၊ နာမ် သည် နာမ်အတိုင်းပင် ဆက်လက်ရပ်တည်နေသည်။ ထို့ကြောင့် ၎င်းတို့သည် သဒ္ဒါအရ ပြောင်းလဲမှု မရှိသဖြင့် မျိုးတူစကားလုံးအဖြစ် ဝိဘတ်သွယ်ထားသည်ဟုသာ ဆိုရပါမည်။

like နှင့် unlike

appear နှင့် disappear

understand နှင့် misunderstand စသည့် စကားလုံးတို့သည်လည်း သဒ္ဒါအရပြောင်းလဲမှု မရှိသော ဝိဘတ်သွယ်စကားလုံးများဖြစ်ကြသည်။ " un - ၊ dis - ၊ mis - " တို့သည် ရှေ့ဆက်ပစ္စည်းများဖြစ်သည်။ သို့သော် like , appear , understand စသည်တို့၌ ရှေ့မှအဆက်ပစ္စည်းများကို အသုံးပြုထားသော်လည်း ၎င်းတို့သည် သဒ္ဒါအရအမျိုးအစားပြောင်းလဲခြင်းမရှိဘဲ မျိုးတူစကားလုံးများပင် ဖြစ်သည်။

/ foot / မှ / feet /

/tooth /မှ / teeth / တွင် / oo / မှ /ee / သို့ သဒ္ဒဗေအရ အလယ်သရ ပြောင်းလဲသဖြင့် ၎င်းတို့သည် ကြားဆက်ထည့်စကားလုံးဖြစ်သည်။ foot သည် ခြေထောက် ၊ feet သည် ခြေထောက်များ ၊ tooth သည် သွား ၊ teeth သည် သွားများ စသည်ဖြင့် အနည်း မှ အများ ကို ညွှန်း

သော်လည်း ( ကိန်း ပြောင်းလဲသော်လည်း ) နာမ် မှ အခြားသို့ သဒ္ဒါပြောင်းလဲမှု မရှိ၍ ၄င်းသည်လည်း မျိုးတူအဆက်ထည့်၍ စကားလုံးပွားခြင်းပင် ဖြစ်ပါသည်။ မျိုးတူအဆက်ထည့်စကားလုံးများကို အင်္ဂလိပ်ဘာသာစကားက အများဆုံးအသုံးပြုပါသည်။ m/a/n - m/e/n , wom/a/n - wom/e/n တို့သည်ကြားဆက်ပြောင်း စကားလုံးများပင် ဖြစ်သည်။

အင်္ဂလိပ် ရှေ့ဆက်အသုံးပြု စကားလုံးပွားခြင်းသည် မျိုးတူအဆက်ထည့်စကားလုံးများကိုပင် ရရှိစေပါသည်။ de- ရှေ့ဆက် ထည့်လျှင် - de-mystify ( V – V )

dis- ရှေ့ဆက်ထည့်လျှင် - dis-obey ( V – V )

anti-ရှေ့ဆက်ထည့်လျှင် - anti-pollution ( N – N )

အင်္ဂလိပ်ရှေ့ဆက် များမှာ " de- , mis- , dis- , re- , un- , anti- , ex- , in- " စသည်တို့ဖြစ်သည်။

V - V
N - N
A - A

စသည့်ပုံစံကိုတွေ့ရပါမည်။ ၄င်းတို့သည် အင်္ဂလိပ်မျိုးတူအဆက်ထည့်စကားလုံးပုံစံကို တည်ဆောက်ခြင်း ဖြစ်ပါသည်။

de-activate,dis-continue,mis-identify,re-think,un-lock,anti-aborition,ex-president, ex-wife,in-complete,un-happy,un-intelligent စသည်တို့သည် သဒ္ဒါအရ အမျိုးအစား ပြောင်းလဲမှု မရှိ၍ မျိုးတူအဆက်ထည့်- အင်္ဂလိပ်စကားလုံးများ ဖြစ်ကြပါသည်။

မြန်မာဘာသာစကားတွင် " တို့ ၊ များ ၊ တွေ " စကားလုံးများသည် သဒ္ဒါရုပ်ရင်း များသာဖြစ်ပေသည်။ ၄င်းတို့ကိုဆက်ပါက အနည်း မှ အများ သို့ ကိန်းပြောင်းလဲပြီး သဒ္ဒါအရ နာမ် ၊ ကြိယာ - သဒ္ဒါ အမျိုးအစား ပြောင်းလဲမှု မရှိပေ။ အငြင်းဝိဘတ် - မ ၊ ကာလပြဝိဘတ် - ခဲ့ ၊ အရေအတွက်ပြဝိဘတ် - တို့/များ/တွေ ၊ ပိုင်ဆိုင်ပြဝိဘတ် - ၏ / ရဲ့ စသည့် ဝိဘတ်အသီးသီးထည့်၍ တည်ဆောက်သော်လည်း စကားလုံးသည် မူလအမျိုးအစားမှ အခြား သဒ္ဒါစကားလုံးအမျိုးအစားသို့ ပြောင်းလဲမှုမရှိကြောင်း တွေ့နိုင်သည်။ သို့သော်လည်း မြန်မာဘာသာစကား နှင့် အင်္ဂလိပ်ဘာသာစကားသည် မူလအခြေခံသဘာဝချင်း မတူသဖြင့် စကားလုံးဖွဲ့ပုံမှာ ( အချို့နေရာ၌ ) ကွဲပြားခြားနားရပါသည်။

ကြိုက် မှ ( မ )ကြိုက်

နားလည် နား ( မ )လည်

စား မှ ( မ )စား

သွား ( မ )သွား

ခြေထောက် မှ ခြေထောက် ( များ )

လူ မှ လူ ( တွေ )/ လူ ( များ )

သူ မှ သူ ( တို့ )

သူ သူ ( ၏ )/ ( ရဲ့ )

ဟု မြန်မာဘာသာစကားတွင် ပြောဆို ရေးသားကြကြောင်းကို တွေ့ရပါသည်။

သို့သော် ၄င်း ဝိဘတ်တို့ကို အဆက်ပစ္စည်း ( အဆက်ရုပ်ရင်း ) အဖြစ် အစဉ်အလာအရ ရှေ့ဆက်၊

ကြားဆက်၊နောက်ဆက် များအသွင် ထည့်သွင်းဖော်ပြမှု မရှိပေ။ကြိုက် နှင့် မကြိုက် ၊ နားလည် နှင့် နားမလည် ၊ စား နှင့်မစား ၊ သွား နှင့် မသွား - စသည်တို့တွင် ကြိယာ သည် ကြိယာ အတိုင်း ၊ လူ မှ လူတွေ ၊ လူများ ၊ သူ မှ သူတို့ ၊ သူ၏ -စသည်တို့တွင်လည်း နာမ် သည် နာမ်အတိုင်းသာ မူလအတိုင်းရပ်တည်နေသည်။ ထို့ကြောင့်၄င်းတို့သည် မျိုးတူစကားလုံးများပင် ဖြစ်သည်။( သို့သော် မြန်မာဘာသာစကား၏ သဘာဝအရ ရုပ်ပြောင်းဝိဘတ်သွယ်ဘာသာစကားအမျိုးအစား မဟုတ်၍ အင်္ဂလိပ်ဘာသာစကားကဲ့သို့ မျိုးတူ ဝိဘတ်သွယ်ပုံအတိုင်း စကားလုံးကို ထပ်တူကျစွာ ဖွဲ့စည်း တည်ဆောက်၍မရနိုင်ချေ ။)

## မျိုးပြောင်းအဆက်ထည့် စကားလုံး

မျိုးပြောင်းအဆက်ထည့်ခြင်းဆိုသည်မှာ ရင်းမြစ်ရုပ်ရင်း နာမ်စကားလုံး ( သို့မဟုတ် ) ကြိယာစကားလုံး တစ်ခုခု၌ ရှေ့ဆက် ၊ ကြားဆက် ၊ နောက်ဆက်စသည့် အဆက်ပစ္စည်းတစ်ခုခု ထည့်လိုက်သောအခါ ၄င်းစကားလုံးသည် မူလသဒ္ဒါအတိုင်းမဟုတ်တော့ဘဲ သဒ္ဒါအမျိုးအစားတစ်ခုသို့ပြောင်းလဲခဲ့လျှင် ယင်းစကားလုံးသည် မျိုးပြောင်း အဆက်ထည့်စကားလုံးအမျိုးအစားပင် ဖြစ်ပါသည်။

မျိုးပြောင်း အဆက်ထည့်စကားလုံး အမျိုးအစားကို မြန်မာဘာသာစကား ကရော၊ အင်္ဂလိပ်ဘာသာစကားကပါ တူညီစွာအသုံးပြုကြပါသည်။

## အင်္ဂလိပ်မျိုးပြောင်းအဆက်ထည့်ခြင်း

အင်္ဂလိပ်ဘာသာစကားတွင် ရှေ့ဆက် အသုံးပြု၍ မျိုးပြောင်းအဆက်ထည့်ခြင်းထက် နောက်ဆက်ပစ္စည်းကို အများဆုံးသုံးပြီး မျိုးပြောင်းအဆက်ထည့်ခြင်းကို တွေ့ရပါသည်။ အင်္ဂလိပ် နှင့် မြန်မာဘာသာစကား၏တူညီခြင်းသည် ကြားဆက်ပစ္စည်းကို သုံး၍ စကားလုံးပွားမှု နည်းပါးခြင်းပင် ဖြစ်ပါသည်။

## အင်္ဂလိပ်နောက်ဆက်အသုံးပြုပုံစနစ်

| Suffix | Change | Example |
|---|---|---|
| -able | V - A | fix-able,understand-able |
| -al | V - N | refus-al,dispos-al |
| -ant | V - N | claim-ant,defend-ant |
| -(at)ion | V - N | reliz-ation,assert-ion |
| -er | V - N | teach-er,work-er စသည်ဖြင့်တွေ့ရ |

ပါသည်။ အင်္ဂလိပ်နောက်ဆက် များမှာ " -ing , -ive , -ment , -ful , -( i )al , -( i )on , -ize , -less , -ic , -ous , -ate , -en , -ity , -ly , -ness " စသည်ဖြင့်တွေ့နိုင်ပါသည်။ သဒ္ဒါအမျိုးအစားပြောင်းပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

V - A
V - N ဟု ကြိယာ မှ နာမဝိသေသန / နာမ် သို့လည်းကောင်း၊

N - A
N - V ဟု နာမ် မှ နာမဝိသေသန / ကြိယာ သို့လည်းကောင်း၊

A - V
A - N
A - Adv ဟု နာမဝိသေသနမှ ကြိယာ / နာမ် / ကြိယာဝိသေသနသို့လည်းကောင်း သဒ္ဒါအရ

ပြောင်းလဲစေပြီး စကားလုံးပွားပါသည်။

''do-able,refus-al,claim-ant,realiz-ation,sell-er,the danc-ing,restrict-ive,treat-ment, faith-ful,hope-ful,nation-al,Arab-ion,optimist-ic,hospital-ize,brain-less,poison-ous, activ-ate,dead-en,prior-ity,modern-ize,careful-ly,happi-ness'' စသည်တို့သည် မျိုးပြောင်း အဆက်ထည့် အင်္ဂလိပ် စကားလုံးများ ဖြစ်ပါသည်။

## မြန်မာမျိုးပြောင်း ရှေ့ဆက်ထည့်စကားလုံး

မြန်မာစကားလုံးတို့တွင် ရင်းမြစ်ရုပ်ရင်းတို့ ဖြစ်သော မူလ ကြိယာ စကားလုံးများ၌ ရှေ့ဆက်ပစ္စည်း " အ "ကိုအသုံးပြု၍ စကားလုံးပွားသည့်အခါ ၄င်းတို့သည် သဒ္ဒါအရ မူလအတိုင်းမဟုတ်ဘဲ အမျိုးအစား ပြောင်းလဲသွားပါက မျိုးပြောင်း ရှေ့ဆက်ထည့်ခြင်းဟုခေါ်သည်။ မြန်မာဘာသာစကား၏ ထူးခြားချက်မှာ ကြိယာတစ်ခုကို အ-ရှေ့ဆက်ကပ်ပြီး ကြိယာရော အဖြစ် ဖွဲ့စည်း၍ မရနိုင်ခြင်းဖြစ်ပါသည်။ အောက်ပါတို့မှာမူလ ကြိယာ ကို ရှေ့ဆက် အ- ပစ္စည်းထည့်ပြီး နာမ်ပြုလိုက်သည့် ပုံစံဖြစ်သည်။ ရှေ့ဆက် ကြောင့် ကြိယာသည် နာမ်အသွင် ပြောင်းလဲသွားရပါသည်။

| | | |
|---|---|---|
| လုပ် | ( V ) = | အလုပ် - ( အ ) + လုပ် ( N ) |
| ပေး | | အပေး |
| သွား | | အသွား |
| ချစ် | | အချစ် |
| တွေး | | အတွေး |

၄င်းပုံစံအရ ရင်းမြစ်ကြိယာရုပ်ရင်းတစ်ခုအား ရှေ့ဆက်ပစ္စည်း အ-ကို ထည့်လိုက်သောအခါ ယင်းကြိယာသည် မူလ သဒ္ဒါ- ကြိယာပုံစံ အတိုင်း မဟုတ်တော့ဘဲ နာမ်ရုပ်ရင်းအဖြစ် အမျိုးအစား ပြောင်းလဲသွား၍ မျိုးပြောင်းအဆက်ထည့်သည်ဟု ခေါ်သည်။

"အစား ၊ အဝင် ၊ အထွက် ၊ အတက် ၊ အဆင်း ၊ အချစ် ၊ အမုန်း ၊ အပေး ၊ အယူ ၊ အပြော ၊ အအိပ် ၊ အလုပ် ၊ အပူ ၊ အအေး " စသည်တို့ကဲ့သို့ ဖြစ်ပါသည်။

## ခွဲမထုတ်နိုင်သော မူလ " အ " ရုပ်ရင်း

မြန်မာဘာသာစကား၏ ထူးခြားချက်မှာ " အ " သည် ကြိယာ တစ်ခုဖြစ်သလို ပစ္စည်းလည်း ဖြစ်သည်။ အ- ကို အဆက်ပစ္စည်းအဖြစ် သုံးသောအခါ ယင်း " အ "ပစ္စည်းသည် ရှေ့ဆက်စစ်စစ် ဖြစ်သည်။မြန်မာဘာသာစကားတွင် ရှေ့ဆက်ပစ္စည်းစစ်စစ်မှာ အဆက် " အ " တစ်ခုတည်းသာရှိသည်။ မြန်မာ ရှေ့ဆက် " တ ၊ က " စသည်တို့သည် ရှေ့ဆက်ဟုသာဆိုသော်လည်း အ- ပစ္စည်း ကဲ့သို့ ရှေ့ဆက်အစစ်များ မဟုတ်ကြပေ။

သို့သော်လည်း အချို့" အ "ရှေ့ဆက်သည် ရှေ့ဆက်ပစ္စည်းအသွင်ဆောင်နေသော်လည်း ရှေ့ဆက်များ မဟုတ်ကြဘဲ စကားလုံးတွင် မူလကတည်းက သီးခြားခွဲထုတ်၍မရသော ရင်းမြစ် အ - ရုပ်ရင်းများအဖြစ် တွေ့ ရသည်။

သာဓကအားဖြင့် ရှေ့ဆက်အသွင်ဆောင်သော်လည်း ပစ္စည်း မဟုတ်သည့် " အ-ရုပ်ရင်း" များကို " အရှေ့ ၊ အနောက် ၊ အရပ် " စသော အရပ်မျက်နှာအမည်များ ၊ " အဖေ ၊ အမေ ၊ အဖိုး ၊ အဖွား "

စသော ဆွေမျိုးစပ်စကားများ၊ “ အရုပ် ၊ အစေ့ ၊ အရက် ၊ အရောင် ၊ အကြောင်း ၊ အခန်း အပင် ၊ အမြစ် ၊ အသည်း ၊ အရွက် ၊ အချိန် ၊ အမြီး ၊ အလံ ” စသော နာမ်စကားလုံးများ ၊ “ အသံ ၊ အနံ့ ၊ အရသာ ” စသော အာရုံခံစကားများ ၊ “ အရေးကြီး ” ကဲ့သို့သော ကြိယာစကားလုံး စသည်တို့တွင် “ အ ” သည် မူလကပင် ပါဝင်သဖြင့် ၎င်း အ - ကို ကြိယာ ၊ နာမ် တို့၏ ရှေ့ဆက် ဟု မဆိုနိုင်ချေ။ ထို့ကြောင့် ယင်း အ- သည် ခွဲမထုတ်နိုင်သောရုပ်ရင်းတစ်ခု ဖြစ်သည်။

၎င်း ခွဲမထုတ်နိုင်သော “ အ ” သည် ကြိယာ ထက် နာမ် စကားလုံးများတွင်သာ ( ပို၍ ) မူလ အတိုင်း ပါဝင်လေ့ရှိပါသည်။ အ - ရုပ်ရင်း ကြောင့် မူလ နာမ် ၊ ကြိယာပုံစံတို့သည် သဒ္ဒါအမျိုးအစား ပြောင်းလဲမှု မရှိပေ။

## ရှေ့ဆက် “ အ ” + ရှေ့ဆက် “ အ ”

မြန်မာ ရှေ့ဆက် “ အ ” ပစ္စည်းကို ရင်းမြစ်ကြိယာစကားလုံးနှစ်လုံးတွင်တစ်ပြိုင်တည်းထည့်ပြီး နာမ်ပြုရာ ၎င်း ရှေ့ဆက် “ အ ” သည် စကားလုံး၏ ကြား၌ ရပ်တည်သော်လည်း ကြားဆက်မဟုတ်ပါ။ “ အ ” ရှေ့ဆက် နှစ်ခုကို အသုံးပြုထားခြင်းသာ ဖြစ်ပါသည်။

သာဓကမှာ“အဝင် အထွက် ၊ အဆင်း အတက် ၊ အပေး အယူ ၊ အပူ အအေး ၊ အသိ အမြင်၊ အဆိုး အကောင်း ၊ အတို အရှည် ၊ အလေး အပေါ့ ”စသည်ဖြင့် မျိုးပြောင်းစကားလုံးများကို ရရှိစေပါသည်။

## မြန်မာ မျိုးပြောင်းကြားဆက်ထည့်စကားလုံး

မြန်မာဘာသာစကား၌ ကြားဆက်ထည့်၍ မျိုးပြောင်းစကားလုံးပွားပုံကိုလည်း အောက်ပါအတိုင်းတွေ့နိုင်ပါသည်။ သို့သော် အသုံးအလွန်နည်းပါး ပါသည်။ အင်္ဂလိပ်စကားလုံး foot - feet , tooth - teeth တွင် အလယ်သရ ပြောင်းသကဲ့သို့ မြန်မာဝေါဟာရတွင်လည်း ကြိယာစကားလုံး “ ဝိုးဝါး ၊ စီရီ ၊ ပျာယာ ” စသည်တို့၌ “ ဝိုး နှင့် ဝါး ၊ စီ နှင့် ရီ ၊ ပျာ နှင့် ယာ ” တို့တွင် အလယ်၌“ ရ / က ”ပစ္စည်းကို ကြားဆက်အဖြစ် ထည့်သွင်းလိုက်ခြင်းဖြင့် မြန်မာ ကြားဆက်ထည့်သော မျိုးပြောင်းစကားလုံးများကို ရရှိပါသည်။

ဝိုးဝါး - ဝိုး (တ) ဝါး

စီရီ - စီ (ရ) ရီ

ပျာယာ - ပျာ (က) ယာ

ပုံစံတွင် တ ၊ ရ ၊ က- သည် ကြားဆက်ပစ္စည်းများဖြစ်သည်။ ကြားဆက်ကြောင့် ၎င်းတို့သည် စကားလုံး အဆင့်၌သာ ရပ်မနေဘဲ အထူးပြုအဖြစ်သို့ ပြောင်းသွား၍ မျိုးပြောင်းစကားလုံးပွားသည်ဟုခေါ်ပါသည်။

ဝိုးတဝါး + မြင်

စီရရီ + ပွင့်

ပျာကယာ + လုပ် ဟု အသုံးပြုပါသည်။

က-ကြားဆက် များမှာ “ ပျာကသီ ၊ ပျာကယာ ၊ သီကရီ ” ၊ တ-ကြားဆက် များမှာ “ ဝိုး တဝါး ၊ လျှပ်တပြက် ” ၊ ရ-ကြားဆက် များမှာ “ ဆင့် ရရင့် ၊ စီရရီ ” စသည်ဖြင့် မျိုးပြောင်းကြားဆက်ထည့် စကားလုံးများကို တွေ့နိုင်သည်။

## “ အ ” ကြားဆက်

မြန်မာအဆက်တို့၌ “ အ ” ကြားဆက်ကိုလည်းတွေ့ရသည်။ “ အလုပ်အကိုင်၊ အထင်အရှား၊ အပျက်အစီး၊ အသုံးအစွဲ၊ အစဉ်အလာ၊ အလှအပ၊ အသည်းအသန်၊ အတွေးအခေါ် ”စသော စကားလုံးများ၌ ပါဝင်သည့် “ အ ”သည် ကြားဆက် အ -ပစ္စည်းစစ်စစ် ဖြစ်ပြီး မျိုးပြောင်းစကားလုံးများကိုပင် ဖြစ်စေပါသည်။

## ရှေ့ဆက် ကြားဆက် တစ်ပြိုင်နက်ထည့်စနစ်

မြန်မာဘာသာစကားတွင် ရှေ့ဆက်ပစ္စည်း နှင့် ကြားဆက်ပစ္စည်း ကို တစ်ပြိုင်နက်တည်း အသုံးပြု၍ စကားလုံးပွားသည့်စနစ်ကိုလည်း နေရာအတော်များများတွင် အသုံးပြုလေ့ရှိသည်။ သို့သော် အင်္ဂလိပ်ဘာသာစကားတွင်မူ ရှေ့ဆက် နှင့် နောက်ဆက် တစ်ပြိုင်တည်းထည့်စနစ်ကို( အဓိက )အသုံးပြုပါသည်။

## မြန်မာ ရှေ့ဆက် + ကြားဆက်

ရှေ့ဆက်နှင့် ကြားဆက်တို့ကို တစ်ပြိုင်တည်းထည့်၍ အထူးပြုများအဖြစ် ပြောင်းလဲ အသုံးပြုထားသော မြန်မာစကားလုံးများစွာကို တွေ့နိုင်ပါသည်။

ပျာယာ ဆိုသော စကားလုံးသည် မူလက ကြိယာ ဖြစ်သော်လည်း က- ရှေ့ဆက် နှင့် က- ကြားဆက်ကို တစ်ပြိုင်တည်း အသုံးပြုလိုက်သောအခါ “ / က/+/ပျာ/+/က/+/ယာ/ ” ဟုဆိုလျှင် မူလကြိယာအတိုင်း မဟုတ်တော့ဘဲ ကပျာကယာ + ( လုပ် ) ဟူ၍ ကြိယာအထူးပြု သို့ ပြောင်းလဲစေပါသည်။

လေးစား　　တလေးတစား

ပင်ပန်း　　တပင်တပန်း

မေ့မော　　တမေ့တမော

ပွေ့ပိုက်　　တပွေ့တပိုက်

ရေးယူ　　အရေးတယူ

ပြင်းထန်　　အပြင်းအထန်

လောက်င　　မလောက်မင

ပြောင်းပြန်　　ကပြောင်းကပြန်

စသည်တို့သည် အဆက်ပစ္စည်း “ က - က ”၊ “ တ - တ ”၊ “ အ - တ ”၊ “ အ -အ ”၊ “ မ - မ ” ပုံစံဖြင့် မျိုးပြောင်း အဆက်ထည့် စကားလုံးများ ဖြစ်သည်။ “ တလေးတစားပြော ”၊ “တပင်တပန်းလုပ် ”၊ “တမေ့တမောနေ ”၊ “တပွေ့တပိုက်ယူ ”၊ “အရေးတယူဆက်ဆံ ”၊ “အပြင်းအထန်ကြိုးစား ”၊ “မလောက်မငပေး ”၊ “ကပြောင်းကပြန်ဖြစ် ” စသည်ဖြင့် အသုံးပြု၍ရပေသည်။ အထူးပြုများသည် သီးခြားမရပ်တည်နိုင်ဘဲ ဆီလျော်မည့် ကြိယာရုပ်ရင်း တစ်ခုခုနှင့်သာ ပူးတွဲရပ်တည်ရသည်။

## အင်္ဂလိပ် ရှေ့ဆက် + နောက်ဆက်

အင်္ဂလိပ် ရှေ့ဆက်ပစ္စည်း၊ နောက်ဆက်ပစ္စည်းတို့ကို ရင်းမြစ်စကားလုံးတစ်ခုတွင် တစ်ပြိုင်နက် ပူးကပ်၍ စကားလုံးပွားခြင်းကို အင်္ဂလိပ်ဘာသာစကား၌ များစွာ တွေ့နိုင်သည်။

မူလ V Count တွင်- [ un + count + able ] ဟု ရှေ့နှင့် နောက်တို့၌ အဆက်ပစ္စည်းများ ကပ် လိုက်ပါက ၄င်းစကားလုံးသည် သဒ္ဒါအမျိုးအစား ပြောင်းသွားပြီး “ uncountable”သည် Adj ဖြစ်သွားသည်။ un - သည် ရှေ့ဆက် နှင့် - able သည် နောက်ဆက်ဖြစ်ပါသည်။

အင်္ဂလိပ်စကားလုံး - “ reduplication ၊ representation ၊ disobedience ” စသည်တို့သည် ရှေ့ဆက်+နောက်ဆက်-ထည့် မျိုးပြောင်းစကားလုံးအမျိုးအစားများ ဖြစ်ကြသည်။

## မြန်မာ နောက်ဆက်စနစ်

မြန်မာဘာသာစကားတွင် နောက်ဆက်စနစ်သည် ကြိယာကိုနာမ်ပြုရာတွင် အလွန် အသုံးတွင်ကျယ်ပြီး အရေးပါသော စနစ်တစ်ခု ဖြစ်သည်။ မြန်မာနှင့် အင်္ဂလိပ်ဘာသာစကား၏ နောက်ဆက်ပစ္စည်းအသုံးပြုမှု တွင်ကျယ်ပုံမှာ အတူတူပင် ဖြစ်သည်။

မြန်မာဘာသာစကားရှိ နောက်ဆက်ပစ္စည်းများမှာ “ မှု၊ ဖွယ်၊ ခြင်း၊ စရာ၊ ချက်၊ ကနဲ၊ သမား ” စသည်တို့ ဖြစ်သည်။

ကောင်းမှု

စားဖွယ်

လာခြင်း

ချစ်စရာ

ပင်ပန်းချက်

လက်ကနဲ

အရက်သမား

စသည်တို့တွင် “ ကောင်း (ကြိယာ) ၊ စား (ကြိယာ) ၊ လာ (ကြိယာ) ၊ ချစ် (ကြိယာ) ၊ ပင်ပန်း (ကြိယာ)၊ လက် (ကြိယာ)နှင့် အရက် (နာမ်) ”တို့၌ မှု ၊ ဖွယ် ၊ ခြင်း ၊ စရာ ၊ ချက် ၊ ကနဲ ၊ သမား စသော ပစ္စည်း များကို နောက်မှဆက်လိုက်သောအခါ သဒ္ဒါအမျိုးအစားအရ မျိုးတူသော်လည်းကောင်း ၊ မျိုးပြောင်းသော် လည်းကောင်း စကားလုံးပွားလာပါသည်။

မြန်မာ နောက်ဆက်ပစ္စည်းများကို ရှေ့မှ ရင်းမြစ်ရုပ်ရင်း တစ်ခုခု၌ ဆက်သောအခါ (အများစုမှာ) ကြိယာစကားလုံးအား ဆက်ရခြင်းပင် ဖြစ်သည်။ အများစုမှာ မျိုးပြောင်းစကားလုံးများသာ ဖြစ်ကြသည်။ သို့သော် မြန်မာနောက်ဆက်၏ထူးခြားချက်မှာ သဒ္ဒါအမျိုးအစား နာမ် ရင်းမြစ်ကို ဆက်လိုက်သော်လည်း ၎င်းစကားလုံးသည် သဒ္ဒါမပြောင်းဘဲ နာမ် အဖြစ်သာဆက်ပြီး ရပ်တည်နိုင်သော မျိုးတူစကားလုံးပွားမှု ကိုပါ တွဲဖက်တွေ့ရခြင်း ဖြစ်သည်။

လူမှု ဆိုသောစကားလုံးတွင် လူ သည် နာမ် ဖြစ်ပြီး ၎င်း နာမ် နောက်မှ မှု- ပစ္စည်း ဆက်သော် လည်း “ လူမှု ” စကားလုံးသည် မျိုးမပြောင်းဘဲ မူလ နာမ်အတိုင်းပင် ရပ်တည်နေသည်။

## သမား– နောက်ဆက်ပစ္စည်း၏ ထူးခြားမှု

မြန်မာ နောက်ဆက်- “သမား” သည် မျိုးပြောင်းစကားလုံး နှင့် မျိုးတူစကားလုံး နှစ်ခုစလုံးပွားနိုင်သော အဆက်ပစ္စည်း ဖြစ်သည်။ အချို့နောက်ဆက်များသည် ကြိယာ တစ်ခုတည်းကိုသာ ဆက်ပြီး မျိုးပြောင်း စကားလုံးပွားသော်လည်း “ သမား ”ပစ္စည်း ကိုမူ ကြိယာရုပ်ရင်းတွင်သာမက နာမ် စကားလုံး၌ပါ ထည့် သွင်းပြီး မျိုးတူစကားလုံးများလည်း ပွားယူပါသည်။

## ကြိယာ နောက်ဆက် “ သမား ”

မြန်မာ နောက်ဆက်အစွည်း “ သမား ” သည် သဒ္ဒါရုပ်ရင်းတစ်ခု ဖြစ်ပြီး ကြိယာစကားလုံး၏ နောက်တွင် နောက်ဆက်အဖြစ် ထည့်သွင်းလိုက်သောအခါ ယင်း ကြိယာသည် နာမ်ပုံစံသို့ ပြောင်းလဲသွားပါသည်။ ၎င်းမှာ အခြား မြန်မာ နောက်ဆက်များ နှင့် သဘာဝချင်း အတူတူပင် ဖြစ်သည်။

ကစားသမား - ကစား + [ သမား ]　　　　V + suffix( သမား ) = N

အထက်ပါ ပုံစံအရ [ ကစား သည် ] မှာ ကြိယာ ဖြစ်ပြီး၊ နောက်ဆက်ပစ္စည်း- သမား ကိုထည့်လိုက်သောအခါ ယင်း စကားလုံးသည် နာမ် အဖြစ် သဒ္ဒါအမျိုးအစား ပြောင်းလဲသွားပါသည်။
“လောင်းကစားသမား” ဆိုလျှင်လည်း လောင်းသည် ၊ ကစားသည် ၊ လောင်းကစားသည် မှာ ကြိယာများ ဖြစ်ပြီး အဓိပ္ပာယ်မှာ အတူတူပင် ဖြစ်သည်။ ( လောင်းကစား- ဟုဆိုလျှင် နာမ်လည်း ဖြစ်နိုင်သည်။ )

သို့သော် ကြိယာ နောက်ဆက် အဖြစ် “ သမား ” ကို အသုံးပြုမှု အလွန်နည်းပါသည်။ အ-ရှေ့ဆက်ပါသော နာမ်ပုံစံတွင်သာ သမား - နောက်ဆက် ဆက်ပြီး အသုံးပြုခြင်းက ပိုများပါသည်။

## နာမ် နောက်ဆက် “ သမား ”

နာမ် ရုပ်ရင်းတို့၏ နောက်၌ “ သမား ” အဆက်ပစ္စည်းကို ဆက်၍ သုံးသောအခါ ယင်း နာမ်သည် သဒ္ဒါအမျိုးအစား မပြောင်းလဲဘဲ နာမ် စကားလုံးအတိုင်း ဆက်လက်ရပ်တည်နေလျှင် ၎င်း မျိုးပွားစကားလုံးသည် နာမ် မှ နာမ် သို့ မျိုးတူစကားလုံးပွားခြင်းပင် ဖြစ်ပေသည်။

N + suffix- သမား = N

ဘိန်း　+　သမား

လှည်း　+　သမား

လှေ　+　သမား

ဆိုင်း　+　သမား

ကား　+　သမား

ပန်းရံ　+　သမား　စသည်ဖြင့် တွေ့ရာ ၎င်းတို့တွင် “ သမား ” နောက်ဆက်သည် ဘိန်း ၊ လှည်း ၊ လှေ ၊ ဆိုင်း ၊ ကား ၊ ပန်းရံ စသည့်နာမ်ရုပ်ရင်းများ၏ နောက်၌ အဆက်ပစ္စည်းအဖြစ် သုံးထား၍ မျိုးတူနောက်ဆက်ထည့် စကားလုံးများဟု ခေါ်သည်။

တစ်ခါတစ်ရံ ၎င်း နောက်ဆက် “ သမား ” သည် ၎င်း ကိုယ်တိုင်ကပင် ပစ္စည်းအသွင် မဟုတ်ဘဲ နာမ်ပုံစံဖြင့် သီးခြားရပ်တည်နေတတ်သည်။ “ <u>သမား ဆို ဗိုမှ</u> ” ဟူသောစကားအရ ယင်း သမား - စကားလုံးသည် “ဆေးဆရာ/ သမားတော်” ကို ရည်ညွှန်းသောအနက်ရှိသည်။ “ <u>ဆရာသမား</u>” ဟုဆိုလျှင် သမား-သည် ဆရာကိုပင်ပြန်လည်ညွှန်းသဖြင့်နောက်ဆက်ပစ္စည်းမဟုတ်ဘဲ၎င်းသည် နာမ် ဖြစ်သွားသည်။

## ခွဲမထုတ်နိုင်သော “ သမား ” ရုပ်ရင်း

ထို့ပြင် ၎င်း “ သမား ”သည် ခွဲမထုတ်နိုင်သော ရုပ်ရင်းတစ်ခု အသွင်ကိုလည်း ဆောင်နေပြန်သည်။ သာဓကအားဖြင့် - “ <u>လက်သမား</u> ” ဆိုသော စကားလုံးသည် လက် - ကို သမား နောက်ဆက် ထည့်ထားခြင်း မဟုတ်ပေ။ လက်သမား၏ အဓိပ္ပာယ်သည် သီးခြားရည်ညွှန်းပါသည်။

[လက်　+　သမား] ဟုဆိုပါက ၎င်း စကားလုံးပါ သမား - သည် သီးခြားမရပ်တည်နိုင်သောကြောင့် လက်သမား- ဝေါဟာရ သည် သီးခြား စကားလုံးပင် ဖြစ်သည်။ လက် သီးခြား ၊ သမား သီးခြား

ခွဲမထုတ်နိုင်ပါ။ ထို့ကြောင့် လက်သမားသည် မိမိဘာသာ သီးခြားရပ်တည်နေသော စကားလုံးဖြစ်ပါသည်။ မြန်မာဘာသာစကားရှိ“သမား”အဆက်သည် အသုံးတွင်ကျယ်သည့်အပြင် ထူးခြားမှုရှိသည်ဟု ဆိုရပါမည်။

## နောက်ဆက် “ ရေး ” ပစ္စည်း

ရေး- နောက်ဆက်သည်လည်း မြန်မာဘာသာစကားတွင် ထူးခြားသည့် ပစ္စည်း တစ်ခု ဖြစ်သည်။ ကြိယာနှင့်နာမ်တို့တွင် နောက်မှ ဆက်နိုင်သော အဆက်ပစ္စည်းတစ်ခု ဖြစ်ပါသည်။ ကြိယာနှင့် နာမ်ရုပ်ရင်းတွင် နောက်ဆက်အဖြစ် ဆက်ပါက “ စားရေး ၊ ဝတ်ရေး ၊ နေရေး ၊ သွားရေး ၊ လာရေး ၊ ဆောင်ရွက်ရေး ၊ လုပ်ကိုင်ရေး ၊ သားရေး သမီးရေး ၊ မီးရေး ထင်းရေး ” စသည်ဖြင့် စကားလုံးများကို တွေ့နိုင်ပါသည်။
ကြိယာ မှ နာမ်ပြုပုံစံ များအပြင် နာမ် ကို ဆက်သော နောက်ဆက်အသွင်ပါ တွေ့ရှိရပါသည်။
နာမ် ကို “ ရေး ” နောက်ဆက်ထည့်ပြီး မျိုးတူ - နာမ်စကားလုံးများအဖြစ် အသုံးပြုပုံမှာ -

N + Suffix = Inflectional N

နိုင်ငံ + ရေး = နိုင်ငံရေး ဆိုသည့်ပုံစံတွင် “ ရေး ” နောက်ဆက်ထည့်လိုက်သော်လည်း မူလ နာမ် “ နိုင်ငံ ”၏ သဒ္ဒါမှာ နောက်ဆက်ပစ္စည်း ကြောင့် အမျိုးအစားမပြောင်းလဲသည်ကို တွေ့ရပါသည်။ မျိုးတူစကားလုံးပွားခြင်းပင် ဖြစ်သည်။

သဘောတရား ရေး

စီးပွား ရေး

စစ် ရေး

ပညာ ရေး

ကုသိုလ် ရေး

လူမှု ရေး

စသည်တို့တွင် သဘောတရား ၊ စီးပွား ၊ စစ် ၊ ပညာ ၊ ကုသိုလ် ၊ လူမှု - စကားလုံးများသည် မူလကပင် နာမ်များဖြစ်ပြီး နောက်ဆက် “ ရေး ”ထည့်သော်လည်းသဒ္ဒါအရအမျိုးအစားမပြောင်းသော မျိုးတူအဆက်ကပ်နာမ်များ ဖြစ်သော်လည်း ဝေဖန်ရေး၊ အုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေး တို့သည် သဒ္ဒါမျိုးပြောင်းပါသည်။

## နောက်ဆက် + နောက်ဆက်စနစ်

မြန်မာဘာသာစကားတွင် နောက်ဆက်ကို နှစ်ဆင့်ပေါင်း၍ နာမ်ကိုပင် ထပ်ဆင့်နာမ်ပြုစနစ်ကို တွေ့ရပါသည်။ ၎င်းစနစ်မှာ အင်္ဂလိပ်ဘာသာစကားရှိ ထပ်ဆင့်နာမ်ပြုခြင်းနှင့် အတူတူပင် ဖြစ်သည်ကို တွေ့ရပါသည်။

မြန်မာဘာသာစကားတွင် “ နိုင်ငံရေး+ သမား ၊ သဘောတရားရေး+ ရာ ၊ လူမှု+ ရေး ” စသည့် စကားလုံးတို့သည် နောက်ဆက် + နောက်ဆက် စနစ် ဖြင့် ထပ်ဆင့် နာမ်ပြုထားခြင်း ဖြစ်သည်။

-- + ရေး သမား

---- + ရေး ရာ

- + မှု ရေး စသည်တွင် ရေး ( နောက်ဆက် ) + သမား ( နောက်ဆက် )

ရေး ( နောက်ဆက် ) + ရာ ( နောက်ဆက် )

မှု ( နောက်ဆက် ) + ရေး ( နောက်ဆက် ) တို့ ထပ်ဆင့်ပေါင်းထားပါသည်။ လူ + မှု + ရေး + ရာ ( လူမှုရေးရာ ) ဟုလည်း အသုံးရှိသည်။

အင်္ဂလိပ်ဘာသာစကားတွင် '' civilazation , globalization , faithfully , carefully , lovingly , realization , modernization , nationalize , '' တို့၌ ရင်းမြစ်စကားလုံးမှာ '' Civil , Globe , Faith , Love , Real , Modern , Nation '' စကားလုံးများဖြစ်သည်။ ၎င်းတို့ကို - ize + - tion နောက်ဆက်၊ - ful + - ly နောက်ဆက် ၊ - ing + - ly နောက်ဆက် ၊ - al + - ize နောက်ဆက်များ ထပ်ဆင့် ပေါင်း၍ စကားလုံးပွားခြင်း ဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားတွင်လည်း သဒ္ဒါအမျိုးအစား အမျိုးမျိုးကို အခြေခံပြီး နောက်ဆက်ဖြင့် ထပ်ဆင့် နာမ်ပြုနိုင်ပါသည်။ ဤနည်းဖြင့် မျိုးတူ ရော ၊ မျိုးပြောင်း ပါ စကားလုံးပွားနိုင်ပါသည်။

## ရှေ့ဆက် + နောက်ဆက် တစ်ပြိုင်တည်းစနစ်

မြန်မာဘာသာစကားနှင့်အင်္ဂလိပ်ဘာသာစကား တူညီသည်မှာ ရှေ့ဆက် နှင့် နောက်ဆက်ကို တစ်ပြိုင်နက်တည်းကပ်၍ ပွားယူသော မျိုးပြောင်းစကားလုံးများစွာကို တွေ့ရခြင်း ဖြစ်သည်။

မြန်မာ ရှေ့ဆက် + နောက်ဆက်ထည့် မျိုးပြောင်းစကားလုံးများမှာ “ အလုပ်သမား ၊ အဝယ်သမား ၊ အပြေးသမား ၊ အထမ်းသမား ၊ အယူသမား ၊ အပြောသမား ၊ အလစ်သမား”စသည်တို့ဖြစ်သည်။၎င်းတွင် အ -ရှေ့ဆက်နှင့် သမား - နောက်ဆက်တို့ကို တစ်ပြိုင်တည်းထည့်၍ ထပ်ဆင့်နာမ်ပြုထားပါသည်။

( အ ) V ( သမား ) စသည့်ပုံစံကိုတွေ့ရသည်။

အင်္ဂလိပ်ဘာသာစကားတွင် အောက်ပါ စကားလုံးများကို တွေ့ရပါသည်။

un + happy + ness = unhappiness

un + health + y = unhealthy

Un + count + able = Uncountable

Mis + understand + ing = Misunderstanding

In + complete + ment = Incompletement

၎င်းတို့တွင် ရင်းမြစ်စကားလုံးများအား un , miss , in , စသော ရှေ့ဆက်ပစ္စည်းများ ၊ ness , y , able , ing , ment စသော နောက်ဆက်ပစ္စည်းများ ဖြင့် တစ်ပြိုင်တည်းဆက်၍ မျိုးတူ ရော မျိုးပြောင်း ပါ စကားလုံးပွားပါသည်။

## အဆက်– မဟုတ်သော အင်္ဂလိပ် စကားလုံးများ

မြန်မာစကားလုံးများတွင် အဆက် မဟုတ်ဘဲ မူလကပင် ရင်းမြစ်စကားလုံးမှ ခွဲထုတ်၍မရသောစကားလုံးများ ရှိသလို အင်္ဂလိပ်ဘာသာစကား၌လည်း အဆက်ပစ္စည်းအသွင် ဆောင်သော်လည်း ရှေ့ဆက် ၊ နောက်ဆက် မဟုတ်သော ခွဲမထုတ်နိုင်သည့် စကားလုံးများစွာ ရှိပေသည်။

Doctor

Discover

Distinguish

Remember

intelligent

၎င်းတို့တွင် " Doct နှင့် -or ၊ Dis- နှင့် cover ၊ Dis - နှင့် tinguish ၊ Re- နှင့် member in- နှင့် telligent " တို့သည် ခွဲမထုတ်နိုင်သော ရုပ်ရင်းများ ဖြစ်သည်။ " or ၊ Dis ၊ Re ၊ In " စသည်တို့သည်အဆက် ပစ္စည်းများ မဟုတ်ပေ။ မြန်မာစကားလုံး " အရက် ၊ အရွေ ၊ အနောက် ၊ အရပ် လက်သမား ၊ အဖေ ၊အမေ ၊ အသက် အသည်း " စသည့် စကားလုံးများကဲ့သို့ ဖြစ်သည်။

## ၆။ စကားလုံးပေါင်းစပ်ခြင်း

စကားလုံးပေါင်းစပ်သည်ဆိုခြင်းမှာ နာမ်ပေါင်း နှင့် ကြိယာပေါင်းများ ရရှိအောင် သီးခြားအနက်ယူနစ်တို့ကိုဆောင်သော နာမ် ၊ ကြိယာ ရုပ်ရင်းများကို အနည်းဆုံး နှစ်ခု ( သို့မဟုတ် ) နှစ်ခုထက်ပို၍ပေါင်းစပ်ပြီး စကားလုံးအားဖြင့် သီးခြား အနက်အဓိပ္ပာယ်တစ်ခုရရှိအောင် တည်ဆောက်သည်ကို ခေါ်ပါသည်။ စကားလုံးပေါင်းသည့်စနစ်ကို မြန်မာနှင့် အင်္ဂလိပ်ဘာသာစကား နှစ်မျိုးစလုံးက လက်ခံအသုံးပြုကြသည်။

စကားလုံးပေါင်းသောအခါ ၎င်း၏ ရှေ့အစိတ်အပိုင်းကိုဖြစ်စေ၊နောက်အစိတ်အပိုင်းကိုဖြစ်စေ သီးခြားစီ ခွဲထုတ်၍ မရပေ။ ပေါင်းထားသော နာမ်ပေါင်း ၊ ကြိယာပေါင်းများကို စကားလုံးတစ်ခုစီ ခွဲလိုက်လျှင် ၎င်း၏ မူလအနက်ယူနစ်မှာ ပြောင်းသွားသည်။

### မြန်မာ နာမ်ပေါင်းပုံစံများ

မြန်မာဘာသာစကားတွင် သာဓကအားဖြင့် အောက်ပါ နာမ်ပေါင်းပုံစံများကို တွေ့ရပါမည်။

| | | | | |
|---|---|---|---|---|
| နာမ် ၁ | + | နာမ် ၂ | - | ဒွိနာမ်ပေါင်း |
| N 1 | | N 2 | | Disyllabic Compound Noun |

ပေါင်းစပ်သော နာမ်ရုပ်ရင်းသည် နှစ်ခု မှ နှစ်ခုအထက် အကန့်အသတ်မရှိ ပါဝင်နိုင်သော်လည်း ၄ ခု ( သို့မဟုတ် ) ၅ ခု အထိသာ စကားပေါင်းဖွဲ့သည်ကို အများဆုံးတွေ့ရသည်။

ရေ အိုး - $N_1 + N_2$

ရေ အိုး စင် - $N_1 + N_2 + N_3$

ညောင် ရေ အိုး စင် - $N_1 + N_2 + N_3 + N_4$

သစ်သား + ညောင် + ရေ + အိုး + စင် - ဆိုလျှင် နာမ် ၅ လုံး ပေါင်းထားခြင်း ဖြစ်သည်။ နတ်စင် ၊ စာအုပ်ဘီရို ၊ ဆေးပုလင်း ၊ ထမင်းစားပွဲ ၊ ဝက်သားဟင်း စသည့် နာမ် နှင့် နာမ် ပေါင်းသောပုံစံကို တွေ့ရသလို ကြိယာ နှင့် နာမ် ပေါင်းသည့်စနစ် ၊ နာမ် နှင့် အထူးပြု ပေါင်းသည့်စနစ် ၊ အဆက်

ထည့်နာမ် နှင့် နာမ်စစ်စစ် ပေါင်းသည့်စနစ် ကြိယာချင်းပေါင်းသည့်စနစ် စသည်တို့ကို တွေ့နိုင်ပါသည်။

## တိုးချဲ့ နာမ်ပေါင်းများ ႏ

မြန်မာဘာသာစကားတွင် ကြိယာတွဲသော "တိုးချဲ့နာမ်ပေါင်း"များစွာ အသုံးပြုကြသည်ကို တွေ့ရပါသည်။ မူလ နာမ်ရုပ်ရင်းတစ်ခုကို ကြိယာတွဲ၍တိုးချဲ့သည့်အခါတွင် ၎င်းကြိယာသည် ရင်းမြစ်နာမ်၏ ရှေ့ကသော်လည်းကောင်း ၊ နောက်ကသော်လည်းကောင်း ရှိနိုင်သည်။

"လက်စွပ်" ဆိုလျှင် ရှေ့က- မူလ" လက် " နာမ် ကို စွပ် - ကြိယာ ဖြင့် တွဲ၍ နာမ်ပေါင်းတစ်ခု တည်ဆောက်ထားသည်။ "ဆွဲကြိုး" ဟုဆိုလျှင် နောက်က-မူလ" ကြိုး " နာမ် တွင် ဆွဲ -ဆိုသည့်ကြိယာ တစ်ခုကိုတွဲ၍ တည်ဆောက်ထားပြီး သီးခြားအနက်ယူနစ် တစ်ခုကို ရည်ညွှန်းသည်။ အောက်ဖော်ပြပါပုံစံများဖြင့် အခြေခံနာမ်ပေါင်းများကို သာဓကပြနိုင်ပါသည်။ ၎င်းတို့ကို အခြေခံ၍ တိုးချဲ့နာမ်ပေါင်းများဖွဲ့စည်းနိုင်သည်။ အထူးပြုခြင်း ၊ အဆက်ထည့်ခြင်း ၊ ပေါင်းစပ်ခြင်းဖြင့် နာမ်များကို တိုးချဲ့နိုင်ပါသည်။

N + V

လက်စွပ်
မီးခြစ်
လည်ဆွဲ
လည်တုံ
နားကပ်
နားဆွဲ
မီးပူ
ခြေနင်း
ရေသန့်
ခေါင်းပေါင်း
ဟင်းခါး
လက်ဖက်သုတ်
ဗိုလ်ချုပ်
ဓာတ်လုံး
ရုပ်ရှင်
ခါးပတ်
အံဆွဲ
ဟင်းချို
ငါးကင်

V + N

ဆွဲကြိုး
ပေါင်းအိုး
လွယ်အိတ်
ချုပ်စက်
နင်တံ
နှိပ်သီး
ဖျော်စက်
ဖိတုံး
ညှပ်ဖိနပ်
ထိုးတံခါး
ပို့ကုန်

ပစ်ကွင်း
ပြခန်း
ထိုးဆေး
ထိုင်ခုံ
တိုက်ကား
ကပွဲ

| | | | | | | |
|---|---|---|---|---|---|---|
| N | + | V | + | N | | |
| (လက် | | ဝတ်) | | ရတနာ | | |
| N | + | V | + | N | + | N |
| ရေ | | သန့် | | (စက် | | ရုံ) |
| V | + | N | + | N | + | N |
| သောက် | | (ရေ | | အိုး | | စင်) |
| N | + | V | + | V | + | V |
| ဗိုလ် | | ချုပ် | | မှူး | | ကြီး စသည်ဖြင့်တွေ့ရသည်။ |

မှတ်ချက်။ ။ မြန်မာဘာသာစကားတွင် နာမ် နှင့် ကြိယာကို ပေါင်း၍ နာမ်ပေါင်းဖွဲ့ရာ၌ ရှေ့နှင့်နောက်ကို ဆီလျော်အောင် ပေါင်းစပ်နိုင်သည်။ ထို့နောက် နာမ် အရေအတွက်၊ ကြိယာအရေအတွက်တို့ကိုလည်း ကန့်သတ်မထားဘဲ အနည်းဆုံး နာမ် နှစ်ခု ( သို့မဟုတ် ) ကြိယာနှစ်ခုပါဝင်ရပြီး နှစ်ခုထက်မကလည်းပေါင်းစပ်တည်ဆောက်နိုင်ပါသည်။လက်ပတ်နာရီ ၊တိုင်ကပ်နာရီ ၊ဓာတ်မီးခြစ် ၊ရုပ်မြင်သံကြားစက်၊ ညဝတ်အကျီရှည် ၊ နံရံဆေးရေးပန်းချီကား စသည်တို့သည် တိုးချဲ့နာမ်ပေါင်းများပင် ဖြစ်ကြသည်။

## အထူးပြု နာမ်ပေါင်းများ

မြန်မာဘာသာစကားတွင် နာမဝိသေသန မရှိ၍ ခံစားမှုပြ ကြိယာစကားလုံးအချို့ကို နာမ်အထူးပြုများအဖြစ် အသုံးပြုရသည်။

သာဓကမှာ မြေ + ဖြူ ဆိုလျှင် ၄င်း မြေဖြူ - စကားလုံးသည် မြေ- နာမ် နှင့် ဖြူ- ကြိယာ ကို ပေါင်း၍ " ဖြူသော မြေ " ဟု အဓိပ္ပာယ်ရသည့် အထူးပြုပါသော စကားလုံးအဖြစ် ဖန်တီးထားရသည်။ သီးခြား ရည်ညွှန်းအနက်တစ်ခုသို့ သက်ရောက်သွားစေပါသည်။

မြေဖြူ
မြေဖြူခဲ
မြေဖြူတောင့်
မြေဖြူဗူး

မြေစိမ်း
မြေစိမ်းမြီးခြောက်

ကြိုးနီ
ကြိုးနီစနစ်

ကင်းမလက်မည်း စသည်တို့တွင် ဖြူ - အထူးပြု ၊ စိမ်း - အထူးပြု ၊ နီ - အထူးပြု ၊ မည်း - အထူးပြု စသည်ဖြင့် ပေါင်းစပ် ဖွဲ့စည်းထားသည်ကို တွေ့ရမည်။ " သူကြီး၊ လူငယ်၊ ဟင်းချို၊ အိမ်ကြီးအိမ်ကောင်း၊

ပန်းနီ၊ ရေမွေး စသည်တို့တွင် " ကြီး၊ ငယ်၊ ချို၊ ကောင်း၊ နီ၊ မွေး " စသည့် အထူးပြုစကားလုံးများကို နာမ်နောက်မှထည့်၍ အထူးပြုနာမ်ပေါင်းအဖြစ် ဖွဲ့စည်းထားသည့်ပုံစံ ဖြစ်ပါသည်။

## အဆက်ထည့်နာမ်ပေါင်းများ

ကြိယာရုပ်ရင်း တစ်ခုအား အဆက်ရုပ်ရင်းတစ်ခုခုဖြင့် နာမ်ပြု၍ ၎င်းနာမ်ကို နာမ်ပေါင်းအဖြစ် ဖွဲ့စည်းသည့်စနစ် ဖြစ်ပါသည်။

[ ( အ + ဝတ် ) + ( လျှော် ) + ( စက် ) ]
အဆက်ထည့်နာမ် + ကြိယာ + နာမ် စသည့် ပုံစံ ဖြစ်သည်။

အဝေးပြေး ကား

အလုပ်ပေး တရား

အကျဉ်းဦးစီး ဌာန

- အချို့ နာမ်ပေါင်းများတွင် [ အဆက်ထည့်နာမ် + ကြိယာ ] ကိုသာတွေ့ရသည်။

အချိုချက်

အစပ်ကြော်

အချဉ်ပေါင်း စသည်ဖြင့် တွေ့နိုင်ပါသည်။

- အချို့နာမ်ပေါင်းများသည် [ အဆက်ထည့်နာမ် + နာမ် ] ပုံစံဖြင့် ပေါင်းစပ်ပါသည်။

အမြန်ယာဉ် ၊ အနေးရထား ၊ အချိုပွဲ ၊ အချဉ်ဟင်း ၊ အငန်ရေ စသည်တို့ကဲ့သို့ ဖြစ်ပါသည်။

## ကြိယာချင်းပေါင်း၍ နာမ်ပေါင်းဖွဲ့ခြင်း

မြန်မာဘာသာစကား ရှိ နာမ်ပေါင်း အချို့သည် ကြိယာချင်းပေါင်းပြီး ဖွဲ့ထားသော နာမ်ပေါင်းများ ဖြစ်သည်။ ကြိယာ ကို ကြိယာ ဖြင့်ပေါင်း၍ မူလသဒ္ဒါအမျိုးအစား ကြိယာအတိုင်းမဟုတ်တော့ဘဲ နာမ်အဖြစ် ပြောင်းလဲ ရည်ညွှန်းလျှင် ၎င်းသည် နာမ်ပေါင်း အဖြစ် သတ်မှတ်ရပါသည်။

V + V = Compound Noun
ပေါက် ( ကြိယာ ) + တူး ( ကြိယာ ) - ပေါက်တူး ( နာမ်ပေါင်း )
ပေါက်ပြား
ခေါက်ဆွဲ
ထွေးခံ
ထွန်ခြစ်
ပြုတ်ကြော်
ကြော်ချက်
၎င်းတို့သည် ကြိယာ နှစ်ခုပေါင်းထားသော်လည်း သက်ရောက်အနက်သည် နာမ်ဖြစ်၍ သီးခြားရပ်တည်နေ

သော နာမ်ပေါင်းများပင် ဖြစ်သည်။

## မြန်မာ နှင့် အင်္ဂလိပ် သက်ရောက်နာမ်ပေါင်းတူများ

အောက်ပါတို့သည် မြန်မာဘာသာစကားနှင့်အင်္ဂလိပ်ဘာသာစကားရှိ သက်ရောက် ပေါင်းစပ်ပုံ တူသော နာမ်ပေါင်းများ ဖြစ်ကြသည်။

- Guest house ( ဧည့် + ရိပ်သာ )
- City hall ( မြို့တော် + ခန်းမ )
- Watch tower ( နာရီ + စင် )
- Tooth paste ( သွား + တိုက် + ဆေး )
- Lime juice ( သံပုရာ + ရေ )
- Glue stick ( ကော် + တောင့် )
- Walking talking ( လမ်းလျှောက် + စကားပြော + စက် )
- Washing machine ( အဝတ် + လျှော် + စက် )
- Swimming pool ( ရေကူး + ကန် )
- Bullet train ( ကျည်ဆန် + ရထား ) စသည်ဖြင့် တွေ့နိုင်ပါသည်။

မည်သည့်ဘာသာစကား၌မဆို သက်ရောက်ပေါင်းစပ်ပုံတူညီသောနာမ်ပေါင်းပုံစံများကိုတွေ့ရှိနိုင်ပါသည်။

## မြန်မာ ကြိယာပေါင်းများ

မြန်မာကြိယာပေါင်းများကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်။

| V + | V |
|---|---|
| ဝင် | ထွက် |
| သွား | လာ |
| ပြော | ဆို |
| | |
| ဆွေးနွေး | တိုင်ပင် |
| သင်ကြား | ပို့ချ |
| ပြောဆို | ဆက်ဆံ |
| အေးချမ်း | သာယာ |

စသည်ဖြင့် ကေဝဏ္ဏကြိယာချင်းသော်လည်းကောင်း ၊ ဗဟုဝဏ္ဏကြိယာချင်းသော်လည်းကောင်း ပေါင်း၍ တည်ဆောက်ပါသည်။ ထူးခြားသည်မှာ ဆင်တူအဓိပ္ပာယ်ချင်းလည်းပေါင်းနိုင်သည်။ အဓိပ္ပာယ်ကွဲချင်း လည်းပေါင်းနိုင်သည်။

## အင်္ဂလိပ်စကားပေါင်းပုံစံ ( ၇ ) မျိုး

အောက်ပါပုံစံများအရ အင်္ဂလိပ်စကားပေါင်းဖွဲ့ပုံ ( ၇ ) မျိုးကို လေ့လာတွေ့ရှိရပါသည်။

N + N = compound word

N + V = compound word

Adj + N = compound word

Adj + V = compound word

V + N = compound word

V + Adv = compound word

Adv + V = compound word

၎င်းပုံစံများအရ " Screw + driver "၊ " Book + case "၊ " Sea + food "၊ " Wall + paper" သည် နာမ် နှင့် နာမ် ပေါင်းပါသည်။ " Blood + shed "၊ " Hair + do "၊ " Water + fall "သည် နာမ် နှင့် ကြိယာပေါင်းပါသည်။ " Blue + ball "၊ " White + house " သည် နာမဝိသေသန နှင့် နာမ် ပေါင်းပါသည်။" Easy + going "၊ wide + spread " သည် နာမဝိသေသန နှင့် ကြိယာ ပေါင်းပါသည်။ " Lock + jaw "၊ " Scare + crow " သည် ကြိယာ နှင့် နာမ် ပေါင်းပါသည်။ " Come + back "၊ " take + away " သည် ကြိယာ နှင့် ကြိယာဝိသေသန ပေါင်းပါသည်။ " Down + fall "၊ " out + cry " သည် ကြိယာဝိသေသန နှင့် ကြိယာ ပေါင်းပါသည်။

## ပြန်လည်သုံးသပ်ခြင်း

ဤဆောင်းပါးသည် မြန်မာဘာသာစကားနှင့်အင်္ဂလိပ်ဘာသာစကားရှိ စကားလုံးဖွဲ့ပုံနှင့် ပတ်သက်၍ ဘာသာဗေဒကိုအခြေခံသော စကားလုံး၏ အတွင်းတည်ဆောက်မှု ၊ အတ္ထဗေဒကို အခြေခံသော အနက်အဓိပ္ပာယ်ဆိုင်ရာ အချက်အလက်များအရ လေ့လာတွေ့ရှိရသော (ဝေါဟာရပညာ နည်းစနစ်များဖြင့် ရေးသား ပြုစုထားသည့်) သုတေသန ဆောင်းပါး အမျိုးအစား ဖြစ်ပါသည်။

မြန်မာဘာသာ နှင့် အင်္ဂလိပ်ဘာသာသည် အခြေခံမျိုးရိုးအားဖြင့် မတူပေ။ အင်္ဂလိပ်ဘာသာစကား၏ စကားလုံးစနစ် ၊ မြန်မာဘာသာစကား၏ စကားလုံးစနစ်တို့သည် တစ်ထပ်တည်း မတူနိုင်သော်လည်း အချို့၌ တူညီမှုများ ရှိနေသည်။ တူညီမှု ၊ ခြားနားမှု နှင့် ထူးခြားမှုတို့ကို နှိုင်းယှဉ် ဖော်ပြလိုသဖြင့် ဤဆောင်းပါးကို ရေးရပါသည်။

ဝေါဟာရပညာ သည် ဘာသာဗေဒ သက်သက်လည်းမဟုတ် ၊ အတ္ထဗေဒ သက်သက်လည်း မဟုတ်၍ မျိုးရိုးမတူသော ဘာသာစကားနှစ်ခု၏ စကားလုံးဖွဲ့ပုံကိုသုတေသနပြုရာ၌ သက်ဆိုင်ရာ အနက်အဓိပ္ပာယ် ယူနစ်များကိုလည်း ထည့်သွင်းစဉ်းစားရပါသည်။ ထို့ကြောင့် ဤဆောင်းပါးသည် စကားလုံးဖွဲ့ပုံ/ဝေါဟာရတည်ဆောက်ပုံ၌ဘာသာဗေဒအရ ပုံသဏ္ဌာန်အလိုက်စကားလုံးဖွဲ့ပုံအပြင် အနက်အဓိပ္ပာယ်အရ စကားလုံးဖွဲ့ပုံ ကိုလည်း တွဲ၍ဖော်ပြထားပါသည်။

ဤ ဆောင်းပါးသည် မြန်မာ နှင့် အင်္ဂလိပ်ဘာသာစကား၏ စကားလုံးဖွဲ့ပုံ အယူအဆများကို ဘာသာဗေဒအမြင်ဖြင့် နှိုင်းယှဉ် စိစစ်ထား၍ "ဆန့်ကျင်နှိုင်းဘာသာဗေဒ" မှ လေ့လာထားသည်ဟု ဆိုရပါမည်။

မှ တ် ချက်

မြန်မာစကားလုံးဖွဲ့ပုံနှင့် အင်္ဂလိပ်စကားလုံးဖွဲ့ပုံကို(ဘာသာဗေဒ+အတ္ထဗေဒ)ပေါင်းစပ်ပြီး ဆန့်ကျင်နှိုင်း ဘာသာဗေဒအမြင်ဖြင့် သုတေသနပြုထားသော ဆောင်းပါး ဖြစ်၍ အဆက်ထည့်စကားလုံးဖွဲ့ပုံ ၊ပေါင်းစပ်စကားလုံးဖွဲ့ပုံ တို့တွင် ထူးခြားမှုအချို့ကို တွေ့နိုင်ပါသည်။ အဆက်ရုပ်ရင်းများ အသုံးပြုပုံသည် မြန်မာ

ဘာသာ နှင့် အင်္ဂလိပ်ဘာသာမတူပေ။ ရှေ့ဆက် ၊ နောက်ဆက်ပစ္စည်းများ နှင့်ပတ်သက်၍ မြန်မာဘာသာစကားက စကားလုံးပွားရာ၌ ပိုပြီး အသုံးတွင်ကျယ်ကြောင်းတွေ့ရပါသည်။

မြန်မာဘာသာသည် ပူးတွဲဘာသာစကား နှင့် ဧကဝဏ္ဏဘာသာစကား နှစ်မျိုးလုံး အကျုံးဝင်နေသော ဘာသာစကား ဖြစ်၍ စကားလုံးပွားရာတွင် အင်္ဂလိပ်ဘာသာစကားထက် ဝေါဟာရ ကြွယ်ဝသည်။အင်္ဂလိပ်ဘာသာစကားသည် ရုပ်ပြောင်းဝိဘတ်သွယ်ဘာသာစကားဖြစ်ပါသည်။ အဆက်ပစ္စည်းကို အသုံးပြုပုံတို့မှာလည်းမြန်မာဘာသာစကားလောက် နည်းစနစ်မများပေ။ ကြားဆက်အသုံးပြုမှု နည်းပါးသည်မှာမူ မြန်မာဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားတို့တွင် တူညီနေပါသည်။ မြန်မာဘာသာစကား၌ နာမဝိသေသနနှင့် ကြိယာဝိသေသန စစ်စစ် မရှိဘဲ ဖန်တီးထားသော အထူးပြုများသာ ဖြစ်သော်လည်း အင်္ဂလိပ်ဘာသာစကားတွင်မူနာမဝိသေသန နှင့် ကြိယာဝိသေသနကို သီးခြားတွေ့ရှိရသည်။ ဘာသာစကားမျိုးရိုးချင်းမတူ၊ အခြေခံသဒ္ဒါချင်းလည်း မတူသည့်အတွက် စကားလုံးဖွဲ့ပုံစနစ် ခြားနားသည်ကို ဆန့်ကျင်နှိုင်းအမြင်ဖြင့် ချဉ်းကပ်လေ့လာထား၍ ဘာသာစကားလေ့လာမှုနယ်၌ များစွာ အကျိုးများစေနိုင်မည်ဟုယုံကြည်ပါသည်။

ဘာသာဗေဒကိုလေ့လာကြသော ပုဂ္ဂိုလ်များအတွက် ဤသုတေသနက များစွာအကျိုးပြုပေးနိုင်ပါလိမ့်မည်။ မြန်မာဘာသာစကားနှင့်အခြားအလေ့လာခံဘာသာစကားတို့၏ ဆန့်ကျင်နှိုင်းအမြင်မှု(ဘာသာဗေဒ) ကျမ်းများပြုစုရာတွင် အထောက်အကူတစ်ခုပြုနိုင်လျှင် ဤဆောင်းပါးကိုဖော်ပြရကျိုးနပ်ပေလိမ့်မည်။

ကြားဆက်
infix

ကြိယာရုပ်ရင်း
verb morpheme

စကားလုံးတည်ဆောက်ခြင်း
word formation

စကားလုံးတည်ဆောက်
မှုစနစ်
word formational system

စကားလုံးပေါင်းခြင်းစနစ်
compounding system

စကားလုံးဖွဲ့ပုံ
morphology

စကားလုံးရင်းမြစ်
etymology

စကားသံ
speech sound

စာလုံးပေါင်း
orthography

တည်ပုဒ်ဝေါဟာရ
entry word

ဒွိနာမ်ပေါင်း
disyllabic compound noun

နာမ်ရုပ်ရင်း
noun morpheme

နာမ်အထူးပြု
adjectival

နောက်ဆက်
suffix

ဗဟုဝဏ္ဏကြိယာ
polysyllabic verb

ဗဟုဝဏ္ဏနာမ်ရိုး
polysyllabic simple noun

ဘာသာဗေဒ
linguistics

ဘာသာဗေဒမျိုးကွဲ
branch of linguistics

မျိုးတူနာမ်စကားလုံး
inflectional noun

မျိုးတူအဆက်ထည့်ခြင်း
inflectional affixation

မျိုးပြောင်းအဆက်ထည့်ခြင်း
derivational affixation

ရင်းမြစ်တည်ပုဒ်
root entry

ရင်းမြစ်ရုပ်ရင်း
root morpheme

ရုပ်မှီ
bound morpheme

ရုပ်ရင်း
morpheme

ရုပ်သီး
free morpheme

ရှေ့ဆက်
prefix

ဝေါဟာရ
vocabulary

ဝေါဟာရစနစ်
lexical system

ဝဏ္ဏ
syllable

သီးခြားရည်ညွှန်းအနက်
( အဘိဓာန်အနက် )
referential meaning

သဒ္ဒါစနစ်
grammatical system

အခြေခံကြိယာပေါင်း
compound verb lexeme

အခြေခံကြိယာရိုး
simple verb lexeme

အခြေခံနာမ်ပေါင်း
compound noun lexeme

အခြေခံနာမ်ရော
complex noun lexeme

အခြေခံနာမ်ရိုး
simple noun lexeme

အဆက်ထည့်ခြင်း
affixation

အဆက်ထည့်စကားလုံး
affixational word

အဆက်ထည့်နာမ်ပေါင်း
affixational compound noun

အဆက်ရုပ်ရင်း
affixational morpheme

အတွင်းတည်ဆောက်မှု
internal structure

အထူးပြုနာမ်ပေါင်း
adjectival compound noun

အဓိပ္ပာယ်ယူနစ်
meaning unit

အနက်အဓိပ္ပာယ်အသွင်ကွဲစကားလုံး
differential meaning word

အဘိဓာန်
lexicon

အဘိဓာန်ရုပ်ရင်း
lexical morpheme

အရင်းခံစကားပေါင်း
compound lexeme

ကေဝဏ္ဏကြိယာ
monosyllabic verb

ကေဝဏ္ဏကြိယာရိုး
monosyllabic simple verb

ကေဝဏ္ဏနာမ်ရိုး
monosyllabic simple noun

အတ္ထဗေဒ
semantics

## Bibliography

ထွန်းမြင့် ၊ ဦး ၊ ၁၉၉၅ ။ *ဘာသာဗေဒ* ၊ ဂျီ အီး စီ ( ပညာရေး ) သမဝါယမလီမိတက်၊ ရန်ကုန် တက္ကသိုလ်။

Adrian Akmajian , A .Demers Richard , Ann K. Farmer , Robert M. Harnish. *Linguistics An Introduction to Language and Communication* . , 1995. Massachusetts of Institute of Technology. , U S A ., Asco Trade Typesetting Ltd. , Hong Kong.

David Caplan . *Language* ., 1992. Issues in the Biology of Language and Cognition ., The MIT Press, Cambridge., London, England.

Norbert Schmitt ( Edit ). *An Introduction to Applied Linguistics* ., 2002 . MPG Books Ltd, Bodmin, Cornwell., Great Britain.

Peter Matthews . *A Short History of Structural Linguistics* ., 2001 . Cambridge University Press ., United Kingdom.

William Frawley . *Linguistic Semantics* ., 1992. Lawrence Erlbaum Associate, Inc., United State of America.

William O' Gray, John Archibald, Mark Aronoff, Janie Rees- Miller. *Contemporary Linguistics an Introduction* ., 2001 . Bedford / st. Martin's ., United State of America.

(2006. 12. 14 受理)